# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၁၉ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၂၇)


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင်အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေး ညီလာခံ( ၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှာစကားပြောကြား

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၃ ကော်လံ ၁ ❖






**စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပညာရေးညီလာခံ အခမ်းအနား မှန်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။




မြန်မာ့အလင်း

# စေတနာသဒ္ဓါတရားဖြင့်ပါဝင်

မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်သည်။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ အဖျက်စွမ်းအားကြောင့် ဖြစ်ပေါ်လာခဲ့သည့် အပျက်အစီး ပမာဏမှာ လွန်စွာကြီးမားကျယ်ပြန့်များပြားလှသည်ဖြစ်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများမှာလည်း ပမာဏကြီးမားလှသည်။ အထူးသဖြင့် မုန်တိုင်းစတင်ဝင်ရောက်ဖြတ်ကျော်ခဲ့သည့် ရခိုင်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်ကို အများဆုံးထိခိုက်ခံခဲ့ရသောဒေသဖြစ်သည့်အလျောက် ကူညီကယ်ဆယ်မှုနှင့် ပြန်လည်ထူထောင်မှုတို့၏ အဓိကမျက်နှာစာလည်းဖြစ်နေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်လေးမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် တစ်မြို့နယ်လျှင် တပ်မတော်အရာရှိကြီး တစ်ဦးစီကို တာဝန်ပေးအပ်လိုက်သည့်အပြင် ၎င်းအရာရှိကြီးများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှစ်ပါးတို့ကိုလည်း တာဝန်ပေးအပ်ခဲ့သည်။

ယခုအခါ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်လျက်ရှိပြီး ကျောင်းများ၊ ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများ ပြုပြင်ရေး၊ မြို့နယ်ရပ်ကွက်၊ ကျေးရွာများသို့ ကယ်ဆယ်ရေးပစ္စည်းများ အလျင်အမြန်ရောက်ရှိရေး၊ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ရေး၊ လျှပ်စစ်မီးများရရှိရေး၊ အပျက်အစီးများ ရှင်းလင်းရေး စသည့်လုပ်ငန်းများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်မကျရောက်မီက ပြင်ဆင်မှုအပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်နိုင်ခဲ့ခြင်းကြောင့် အဖျက်စွမ်းအားကြီးမားပြင်းထန်သည့် မုန်တိုင်းကျရောက်လာချိန်တွင် လူ့အသက်ထိခိုက်ဆုံးရှုံးမှု နည်းပါးခဲ့ခြင်းဖြစ်သည်။ သဘာဝဘေးကျရောက်ပြီး၍ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိသားစုသဖွယ်စိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အချိန်တိုအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာမည့်အပြင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်အတိုင်း ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ၏ဒဏ်ကို ရင်ဆိုင်ခံစားခဲ့ကြရသည့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် အခြားဒေသများမှ မုန်တိုင်းဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက သဒ္ဓါတတ်အားသမျှ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာဖိတ်ခေါ်ထားရာ သဒ္ဓါထက်သန်စွာ အင်တိုက်အားတိုက် လှူဒါန်းကြမည်ဟု ယုံကြည်သည်။ မုန်တိုင်းရောက်မလာမီကပင်လျှင် ထိုင်းနိုင်ငံရောက် မြန်မာများက ထိုင်းဘတ်ငွေသန်းနှင့်ချီ၍ တန်ဖိုးရှိသော ခေါက်ဆွဲခြောက်ထုပ်များ သိန်းနှင့်ချီ၍ လှူဒါန်းခဲ့ကြသလို မုန်တိုင်းမစဲသေးမီမှာပင် ပြည်တွင်း အလှူရှင်များက ကျပ်ငွေသိန်းပေါင်းသိန်းနှင့်ချီ၍ လှူဒါန်းခဲ့ကြရာ လိုအပ်နေသည့်အချိန်တွင် အားအင်ဖြစ်စေခဲ့သည်။ ဘေးသင့်ခဲ့ရသည့် ပြည်သူများအတွက် လှူဒါန်းငွေနှင့် ပစ္စည်းများကို သက်ဆိုင်ရာအလှူခံဌာနများသို့ နည်းများမဆို ပါဝင်လှူဒါန်းကြခြင်းအားဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် စေတနာသဒ္ဓါတရားတို့ဖြင့် ပါဝင်ကြရပါမည့်အကြောင်း။ ။

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၃၄ / ၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်**
**(၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်)**
**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်**
**တာဝန်ပေးအပ်ခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် တိုက်ခတ်ခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် ၁/၂၀၂၃ နှင့် ၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ရက်စွဲပါကြေညာချက်အမှတ် ၂/၂၀၂၃ တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ တပ်မတော်အရာရှိကြီးများအား ယှဉ်တွဲပါမြို့နယ်များတွင် တာဝန်ပေးအပ်လိုက်သည်–

(က) ချင်းပြည်နယ်

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် | ဟားခါးမြို့နယ် |
| (၂) | ဗိုလ်မှူးချုပ် ခင်မောင်အေး | မတူပီမြို့နယ် |
| (၃) | ဗိုလ်မှူးချုပ် နေဝင်းအောင် | ပလက်ဝမြို့နယ် |
| (၄) | ဗိုလ်မှူးချုပ် ဝင်းကိုကို | တီးတိန်မြို့နယ် |

(ခ) ရခိုင်ပြည်နယ်

| | | |
|---|---|---|
| (၁) | ဒုတိယဗိုလ်ချုပ်ကြီး လှုအေး | ကျောက်ဖြူမြို့နယ် |
| (၂) | ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း | ဘူးသီးတောင်မြို့နယ် |
| (၃) | ဗိုလ်ချုပ် သောင်းထိုက်ရွှေ | မြောက်ဦးမြို့နယ် |
| (၄) | ဗိုလ်ချုပ် စိုးနိုင်ဦး | သံတွဲမြို့နယ် |
| (၅) | ဗိုလ်ချုပ် အောင်မျိုးထွန်း | ရသေ့တောင်မြို့နယ် |
| (၆) | ဗိုလ်မှူးချုပ် အောင်ကျော်မိုး | စစ်တွေမြို့နယ် |
| (၇) | ဗိုလ်မှူးချုပ် အောင်သူဦး | ကျောက်တော်မြို့နယ် |
| (၈) | ဗိုလ်မှူးချုပ် ဆန်နီအုန်း | ပေါက်တောမြို့နယ် |
| (၉) | ဗိုလ်မှူးချုပ် ကျော်ကျော်ဦး | မာန်အောင်မြို့နယ် |
| (၁၀) | ဗိုလ်မှူးချုပ် ဇော်မင်းအေး | ရမ်းဗြဲမြို့နယ် |
| (၁၁) | ဗိုလ်မှူးချုပ် ဝင်းမောင် | ပုဏ္ဏားကျွန်းမြို့နယ် |
| (၁၂) | ဗိုလ်မှူးချုပ် ခင်ဇော် | မင်းပြားမြို့နယ် |
| (၁၃) | ဗိုလ်မှူးချုပ် ကျော်ကျော်စိုး | မြေပုံမြို့နယ် |
| (၁၄) | ဗိုလ်မှူးချုပ် တင်ဆွေ | မောင်တောမြို့နယ် |

၂။ အထက်ဖော်ပြပါ အရာရှိကြီးများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တို့အား တာဝန်ပေးအပ်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၁၈**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၅ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၅ ပါတီအနက် ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) နှင့် **ဒီမိုကရက်တစ်ပါတီ**တို့က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်ပြီး အဆိုပါ ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ မိုး/ဇလ

# ယူနန်ပြည်နယ်အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးအသင်းက မြန်မာနိုင်ငံမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ကုန်များလက်ခံရရှိ

**နေပြည်တော် မေ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေးအသင်းက မြန်မာနိုင်ငံ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ကုန်များကို မေ ၁၂ ရက်တွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ လာရောက်လှူဒါန်းခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ပစ္စည်းများကို ရွှေလီမြို့မှတစ်ဆင့် မူဆယ်မြို့ မန့်ဝိန်းဂိတ်၌ တာဝန်ရှိသူများက လက်ခံရရှိသည်။

အဆိုပါ လှူဒါန်းသည့် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများတွင် ယားနာပျောက်ဆေးဘူး ၄၀၀၊ တရုတ်အားဆေးဘူး ၄၀၀၊ လိမ်းဆေးဘူး ၂၅၀၊ အကိုက်အခဲ ပျောက်ဆေးဘူး ၂၀၀၊ အဖျား ပျောက်ဆေးဘူး ၂၄၀၊ ကယ်ဆယ်ရေးအရေးပေါ်အိတ် ၅၀၊ Nongfu Mineral Water ကတ် ၆၀၀၊ ကြက်မှုခေါက်ဆွဲအထုပ် ၄၀၀ နှင့် အရေးပေါ်ကယ်ဆယ်ရေး ရွက်ဖျင်တဲ ၂၀ ပါဝင်ပြီး စုစုပေါင်းတန်ဖိုး တရုတ်ယွမ်ငွေ တစ်သိန်းခန့်ရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*
ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်ကြီးများ၊ စာတမ်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းအသီးသီးမှ ပါမောက္ခများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပညာရေးညီလာခံ အခမ်းအနားမှတ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**သီဆိုဖျော်ဖြေ တင်ဆက်**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"ပြည်သာရန်ပညာရေး ညီလာခံ"** အလင်္ကာတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်၏ လူမှုရေး ဦးတည်ချက်တွင်ပါဝင်သည့် **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းပင်ဖြစ်ပါကြောင်း။

ယခုညီလာခံကြီးကို ပညာရေးနှင့် ဆက်စပ်ဝန်ကြီး ဌာန ၁၁ ခု ပူးပေါင်းပြီး စကားဝိုင်းဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် ကျင်းပမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ပညာရေး တိုးတက်မြင့်မားရေးကို အဟန့်အတားဖြစ်နေသည့် အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို စုပေါင်းဆွေးနွေးအဖြေရှာပြီး အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းသတ်မှတ်နိုင်ကြမည်လည်းဖြစ်ပါကြောင်း။

**❍ မိမိတို့မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**လူ့အသိုက်အဝန်းကို အထောက်အကူပြု**

ပညာရေးကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြပါကြောင်း၊ **"ပညာရေးဆိုသည်မှာ အမျိုးမျိုးသောသင်ယူလေ့လာမှု နည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ"**ဟု ဖွင့်ဆိုသည်ကိုလည်းတွေ့ရပါကြောင်း၊ လူတစ်ယောက်သည် ပညာကို မွေးကင်းစအရွယ်မှတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ်ပါကြောင်း၊ ပညာကို သင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း။

ဘက်စုံပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ တတ်မြောက်မှုကိုသာမက Personal Skills ဟု ခေါ်သည့် ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများကို ဘက်စုံမြှင့်တင်ပေးပါကြောင်း၊ စဉ်းစားသုံးသပ်တွေးခေါ်မှု (Critical thinking)၊ ပြဿနာဖြေရှင်းမှု (Problem solving)၊ တီထွင်ဖန်တီးမှု (Creativity)၊ ဆန်းစစ်အကဲဖြတ်မှု (Evaluation)၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု (Analytical skills)၊ ပူးပေါင်းဆောင်ရွက်မှု (Collaboration)၊ အလိုက်သင့် ဆောင်ရွက်တတ်မှု (Adaptability)၊ လူမှုဆက်ဆံရေး (Social skills)၊ စိတ်ခံစားချက်နားလည်မှု (Emotional intelligence)၊ တရားမျှတမှု (Justice)၊ လောကနီတိဆိုင်ရာ အပြုအမူ (Ethical behavior)နှင့် ဦးဆောင်တတ်မှု (Leadership) အစရှိသည့် ဘက်စုံကျယ်ပြန့်သည့် အရည်အသွေးများ၊ စွမ်းရည်များ၊ ကိုယ်ရည်ကိုယ်သွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပညာရေးက ပြည့်စုံစေမည်ဖြစ်ပါကြောင်း။

**ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ရပ်မှ ပါဝင်နေပါကြောင်း၊ ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် နိုင်ငံသားများ၏ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများ ဖြစ်လာကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၁၉၈၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းနေသူ ၁၉ ဒသမ ၄၄ သန်းတွင် ပဉ္စမတန်းတက်ရောက်သူ ၁၁ ဒသမ ၃၇ သန်း (၅၇ ဒသမ ၂၉ ရာခိုင်နှုန်း)ရှိပြီး အလယ်တန်းအဆင့် ၈ တန်းသို့ တက်ရောက်သူ ၇ ဒသမ ၇၈ သန်း (၄၀ ဒသမ ၂၆ ရာခိုင်နှုန်း) သာရှိပါကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆ သန်းတွင် သက်မွေးပညာပြီးသူ ၂ ဒသမ ၉ သိန်း၊ ဘွဲ့ရသူ ၃ သန်းရှိသည်ကို တွေ့ရပါကြောင်း၊ တန်းစဉ်ကူးပြောင်းမှု လျော့နည်းမှုမှာ များပြားနေသည်ကို မိမိ ၂၀၀၄ ခုနှစ် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကတည်းက စတင်သတိပြုခဲ့ပါကြောင်း၊ ရှမ်းပြည်နယ် တာဝန်ယူချိန်တွင်လည်း ယခုကဲ့သို့ စိစစ်တွေ့ရှိရသည့်အတွက် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် ပညာရေးဝန်ကြီးဌာနကို တာဝန်ပေးစိစစ်စေသည့်အခါ အထက်က အခြေအနေများကို တွေ့ရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက် လူဦးရေ၊ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်းအနက် တစ်ဝက်ခန့်သာ အလယ်တန်းအဆင့် ပညာတတ်မြောက်မှုသာ ရှိပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ပြီး ယင်းအနက် အသက် ၁၅ နှစ်အထက် ၄၅ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေး အသက်မွေးဝမ်းကျောင်း၊ ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါနေကြောင်း၊ ၎င်းတို့သည် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကောင်းများရှိရန် မဖြစ်မနေလိုပါကြောင်း။ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

အလယ်တန်းနှင့် အထက်တန်းပြီးမြောက်သူများ တက်ရောက်ကြသည့် နည်းပညာနှင့် သက်မွေးပညာ သင်တန်းကျောင်းနှင့် ဒီပလိုမာတန်း ပြီးမြောက်သူ သည်လည်း တစ်နိုင်ငံလုံးတွင် သုံးသိန်းခန့်သာရှိ သည့်အတွက် အလယ်တန်းဆင့် ပြီးမြောက်သူများကို စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာ သင်တန်းများ ပိုမိုတက်ရောက်နိုင်ရန် လမ်းဖွင့်ပေးကြ ရမည် ဖြစ်ပါကြောင်း၊ (၃) သိန်းဆိုသည့် ပမာဏသည် လည်း ၁၅ နှစ်အထက် လူဦးရေ၏ ၁ ရာခိုင်နှုန်းကျော် သာ ရှိသည်ကိုတွေ့ရပါကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအစီရင် ခံစာတွင် ကျောင်းသားအများစုသည် မူလတန်း ပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြကြောင်းနှင့် အသက် ၁၂ နှစ်မှစပြီး ကျောင်းတက်နှုန်းစတင် ကျဆင်းလာကာ အသက် ၁၄ နှစ်နောက်ပိုင်း အလယ် တန်းပြီးမြောက်ချိန်တွင် သိသိသာသာ ကျဆင်းလာ သည်ကို ဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

ကျောင်းဆက်မတက်သူ ၁၀ ဦးကို မေးမြန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) အထိမ်းအမှတ်လက်ဆောင်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်း ပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာကြည့်ရှုအားပေးစဉ်။

လေ့လာရာတွင် သုံးဦးသည် မိသားစုကို ကူညီနေရ၍ ဟု ဖြေဆိုပြီး နှစ်ဦးမှာ ကျောင်းဆက်တက်ရန် ငွေကြေးမတတ်နိုင်သောကြောင့်ဟု ဖြေဆိုသည်ကို သိရပါကြောင်း၊ အသက် သုံးနှစ်မှ ၅၀ နှစ်အတွင်း လူဦးရေ၏ ကျောင်းဆက်မတက်ရခြင်း အဓိက အကြောင်းရင်းမှာ မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရ ခြင်း၊ မသန်စွမ်းခြင်းကြောင့် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကျောင်းထားရန် ငွေမတတ်နိုင်သည်မှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်အလုပ်ကူရသည်မှာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကူရသည်မှာ ၇ ဒသမ ၂ ရာခိုင်နှုန်း၊ စာမေးပွဲကျခြင်း၊ စာမလိုက် နိုင်ခြင်းနှင့် စိတ်ဝင်စားစရာမကောင်းသည်မှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကျောင်းကဝေးလွန်းသည်က ၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရပါ ကြောင်း၊ အဆိုပါအချက်များအရ ဆင်းရဲမွဲတေမှု ကြောင့်ဖြစ်သည်မှာ အများစုဖြစ်နေပါကြောင်း၊ ကျောင်းတက်သူဦးရေ တိုးတက်ရေး၊ အတန်း ကူးပြောင်းမှုနှုန်း မြင့်မားရေးကို အဟန့်အတား ဖြစ်စေသည့် အကြောင်းရင်းများကို ယခုကျင်းပသည့် ပညာရေးညီလာခံကြီးတွင် အဖြေရှာပြီး ဖြေရှင်းပေး ကြရမည်ဖြစ်ပါကြောင်း။

### ဦးတည်ကြိုးပမ်းကြရမည်

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်ပါကြောင်း၊ ပညာတတ်များ၊ အသိပညာ ရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် နိုင်မည် ဖြစ်ပါကြောင်း၊ ပညာမတတ်သည့် နိုင်ငံသား များပြီး ပညာရေးနိမ့်ကျသည့် နိုင်ငံသည် အမှန် တကယ်မတိုးတက်နိုင်ဟု လက်ခံထားကြပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုး တက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရ ပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေး တိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပညာတတ်များ ပေါကြွယ်ဝရေး ကို ဦးတည်ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးများ အားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေး ကြရန်လိုအပ်ပါကြောင်း၊ Education for All ဆိုသည့် အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါကြောင်း။

### အောင်မြင်မှုရသည့် သာဓကများစွာရှိ

လေ့လာချက်များအရ သာမန်လုပ်ကိုင် စားသောက်နိုင်အောင် အနည်းဆုံး အလယ်တန်း အဆင့်ပညာရေး ပြီးမြောက်ရန် သင့်သည်ကိုတွေ့ရှိရ ပါကြောင်း၊ မိဘများဖြစ်သည့် မိမိတို့တစ်တွေနှင့် လုပ်ကိုင်စွမ်းရှိသူ နိုင်ငံသားအားလုံးက နောင် အနာဂတ်အတွက် ခိုင်မာသည့် လမ်းခင်းပေးရန် လိုအပ်ကြောင်း၊ စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုရသည့် သာဓက များစွာရှိပါကြောင်း။

ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့် ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေးနှင့်အနာဂတ် ပညာရေး ပိုမိုကောင်းမွန်လာစေရေးကို အမျိုးသား ရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ ကြိုးစားဆောင်ရွက်သွားကြပါက မအောင်မြင်စရာ အကြောင်းမရှိသည်ကို ပြောကြားလိုပါကြောင်း။

သုတေသနပြုချက်များအရ ကလေးများကို ကျောင်းထားရန် တွန့်ဆုတ်နေကြသည့် မိဘများကို ပညာတန်ဖိုး နားလည်သဘောပေါက်အောင် စည်းရုံးပြီး လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကူညီ ပံ့ပိုးပေးရန်အသင့်ရှိနေသည်ဟု ယုံကြည်လာအောင် လုပ်ပေးနိုင်ပါက ကလေးများကို ပိုမိုကျောင်းထားလာ စေသည်ကို သိရှိရပါကြောင်း။

နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးအစီအစဉ် အရ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေး နေသကဲ့သို့ အတန်းကူးပြောင်းသွားကြသည့် ကျောင်းသားများထံမှ ကျောင်းဝတ်စုံများနှင့် စာအုပ် များကို လိုအပ်သည့် ကျောင်းသားများဆီ လွှဲပြောင်း ပေးအပ်ခြင်းနှင့် အမှန်တကယ် ကျောင်းနေရန် အခက်အခဲရှိသည့် ချို့တဲ့နွမ်းပါးသူများကို ပညာသင် ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းတို့သည် အခက်အခဲရှိ သည့်မိဘများ၏ဝန်ထုပ်ဝန်ပိုးကို အထိုက်အလျောက် လျော့ကျစေနိုင်ပြီး ကလေးများကို ကျောင်းထားရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

### ပြန်လည်သုံးသပ်ဆောင်ရွက်ရမည်

ကျောင်းသားမိဘများအနေဖြင့်လည်း မိမိသား သမီးများကို အမှန်တကယ် စာတတ်မြောက်စေရန် အရည်အသွေးရှိသည့်ပညာများကို သင်ကြားပေးနိုင် မည်ဟု ယုံကြည်သည့် ကျောင်းများတွင်သာ ကျောင်းထားလိုကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လည်း ဆရာ ဆရာမ လုံလောက်ရေး၊ ရရှိထားသည့် ဘွဲ့နှင့် သင်ကြားနေသည့် ဘာသာရပ်ကိုက်ညီရေး၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ဆရာ ဆရာမများ သက်သာချောင်ချိရေး၊ သင်ရိုးညွှန်းတမ်း များ မွမ်းမံရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့ ကို ဆောင်ရွက်ပေးကြရန် အလွန်အရေးကြီးပါ ကြောင်း၊ ထို့ပြင် စာသင်ဆောင်၊ စာသင်ခန်း၊ ကျောင်း စာကြည့်တိုက်၊ သင်ထောက်ကူပစ္စည်းများ၊ သောက် ရေ၊ သုံးရေ၊ သန့်စင်ခန်း၊ အားကစားကွင်းနှင့် ကာယ ပစ္စည်းများ ဖြည့်ဆည်းရေးကိုလည်း ပံ့ပိုးဆောင်ရွက် ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းတက် ရောက်ရာတွင် သွားလာမှု အဆင်ပြေရေးအတွက် ကျောင်းအဆင့်တိုးမူဝါဒများကိုလည်း လိုအပ်ပါက ပြန်လည်သုံးသပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက်တစ်ခုဖြစ်သည့် **“သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး”** ကို ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင် နှစ်ကစပြီး ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ ရေး အထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ် သွားမည် ဖြစ်ပါကြောင်း KG+9 အလယ်တန်း ပညာရေး ပြီးဆုံး အောင်မြင်သူများအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တက်ရောက် နိုင်ကြပြီး အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေး အတွက် Grade 10၊ Grade 11၊ Grade 12 အတန်း များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု နည်းပညာရပ်များကို သင်ယူလေ့ကျင့်နိုင်ကြမည် ဖြစ်ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျန်ခရိုင် ၇၅ ကျောင်း ဆက်လက်ဖွင့်လှစ်ဖို့ လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းအားလုံး ဖွင့်ပြီးသော်လည်း တန်းခွဲ တစ်ခု ၅၀ ဖြင့် နယ်ပယ် သုံးခုမှ အခြေခံပညာအထက်တန်း အဆင့် ၁ နှစ် ၁၈၅၀၀ ဦးသာ သင်ကြားပြီးမြောက် မည်ဖြစ်ပါကြောင်း၊ ၁၀ နှစ်လျှင် ၁၈၅၀၀၀ ရှိမည်ဖြစ် ပါကြောင်း၊ မည်သည့်မျှ မသိသည်ထက်စာပါက အခြေခံ တတ်သိနားလည်သည့်သူများက လုပ်ငန်း ခွင်တွင် အထောက်အကူပြု လုပ်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ၎င်းတို့ကို သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ် များတွင် အဆင့်မြင့်ပညာ သင်ကြားနိုင်စေရေး ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းခွင်တွင် လက်တွေ့အသုံးကျမည့် ပညာ ရပ်၊ ကျွမ်းကျင်မှုကို အဆိုပါ ကျောင်းများတွင် ထိရောက်စွာ သင်ကြားလေ့ကျင့်ပေးပြီး လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးမည်ဆိုပါက သွင်းကုန် အစားထိုးကုန်ပစ္စည်းများ၊ Value-added တန်ဖိုးမြှင့် ထုတ်ကုန်များကို ထုတ်လုပ်ရောင်းချခြင်းနှင့် မိမိတို့ မိသားစု စားဝတ်နေရေးဖူလုံရုံမက နိုင်ငံတော်၏ စားရေ ရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့ သို့ နိုင်ငံခြားသုံးငွေကို လျှော့ချနိုင်မည်လည်း ဖြစ်ပါ ကြောင်း၊ ယခုအစီအစဉ်အောင်မြင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ အပြင် အခြားသော ဆက်စပ်ဝန်ကြီးဌာနများကလည်း ပံ့ပိုးဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

### ချိတ်ဆက်ဆောင်ရွက်သွားကြရမည်

ယခုကျောင်းများတွင် နိုင်ငံတော်၏ လိုအပ်ချက် နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ် ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများကို သင်ကြားလေ့ကျင့် ပေးရမည်ဖြစ်ပါကြောင်း၊ လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုစေ မည့် သက်မွေးပညာရပ်များကို သင်ကြားပေးရုံ သာမက လက်တွေ့လုပ်ငန်းခွင်မှာ လေ့ကျင့်နိုင်ရန် အတွက် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership) ကို ချိတ်ဆက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ တော် တည်ဆောက်ရာတွင် အသိပညာ၊ အတတ် ပညာ တတ်မြောက်သည့် ပညာတတ်များ ပေါများ ရေးကို ဦးစားပေးမျှော်မှန်းချက်အဖြစ် ထားရှိပါ ကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ အသိပညာ၊ အတတ် ပညာများကို အသုံးချပြီး တွေးတောကြံစည်လုပ်ကိုင် နိုင်ရန် အဆင့်မြင့်ပညာရပ်များကို လေ့ကျင့် သင်ကြားပေးရာတွင် ဌာနကြီးများလည်းဖြစ်ပါ ကြောင်း၊ ယခင်ကတက္ကသိုလ် တက်ရောက်မည်ဆိုပါ က နိုင်ငံ့ဝန်ထမ်းလုပ်မည်ဆိုသည့် မျှော်လင့်ချက်၊ မျှော်မှန်းချက်ထားကြပါကြောင်း၊ ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်၊ ပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသာမကဘဲ နယ်ပယ်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ပြီဖြစ်ပါ ကြောင်း၊ အလယ်အလတ်အဆင့် စီမံခန့်ခွဲသူ (မန်နေဂျာ) အဆင့်မှ အုပ်ချုပ်ရေး၊ လူမှုရေး၊ ကျန်းမာ ရေး၊ နည်းပညာ/ အတတ်ပညာ၊ စီးပွားရေး၊ စိုက်ပျိုး ရေး၊ မွေးမြူရေး စသည့်နယ်ပယ်များတွင် ပညာတတ် များ၏ အခန်းကဏ္ဍ ကြီးမားစွာရှိနေပါကြောင်း၊ ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိမှု၊ စဉ်းစားတွေးခေါ်နိုင်စွမ်း ရှိမှု၊ တီထွင်ကြံဆမှု၊ သုတေသနပြုမှုများသည် ယနေ့ ခေတ်တွင် အရေးပါနေပါကြောင်း၊ အသုံးချနိုင် ရမည်ဖြစ်ပါကြောင်း။ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အဆင့်မြင့်ပညာသင်ကြားရာတွင် နေ့ကျောင်းတက်သင်ကြားခြင်း၊ Online နှင့် သင်ကြားခြင်း၊ စာပေးစာယူသင်ကြားခြင်းများရှိပြီး မည်သည့်နည်းလမ်းနှင့် သင်ယူသည်ဖြစ်စေ အမှန်တကယ်တတ်မြောက်နိုင်စွမ်းရှိရန် လိုမည်ဖြစ်ကြောင်း၊ ကျန်းမာရွှင်လန်းစွာဖြင့် ပညာသင်ကြားနိုင်ရန်လိုမည်ဖြစ်ကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရေးကို ဖော်ဆောင်နိုင်ရန်အတွက် အရည်အသွေးရှိသည့် ဆရာ ဆရာမများခန့်ထားခြင်း၊ အရည်အသွေးမြှင့်တင်ရေးသင်တန်းများပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်မီစေခြင်း၊ သင်ကြားနည်းစနစ်များတိုးတက်စေခြင်း၊ နည်းပညာအသစ်များ အသုံးပြုသင်ကြားခြင်း၊ စာကြည့်တိုက်နှင့် အင်တာနက်ကိုအသုံးပြုသည့် သင်ကြားသင်ယူမှုကို အားပေးခြင်း၊ အွန်လိုင်းသင်ယူမှုပလက်ဖောင်းနှင့် ဒစ်ဂျစ်တယ်စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ သုတေသနပစ္စည်းများ ဖြည့်တင်းခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု အားပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျောင်းသားကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခြင်း၊ အားကစားနှင့် ပညာရေးပေါင်းစပ်ခြင်း စသည်များကိုဖြည့်ဆည်း ဆောင်ရွက်ပေးသွားနိုင်မည်ဆိုပါက ရည်မှန်းချက်ပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

### ပြည့်စုံအောင် ဖြည့်ဆည်းပေးရမည်

တက္ကသိုလ်များသည် ခံ့ညားထည်ဝါမှု၊ ဂုဏ်သိက္ခာအဆင့်တစ်ခုရှိရန် လိုအပ်သည်နှင့်အညီ တက္ကသိုလ်ဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးကို တာဝန်ရှိသူအသီးသီးက အလေးထားထိန်းသိမ်းစောင့်ရှောက်ပေးရမည် ဖြစ်သကဲ့သို့ တက္ကသိုလ်အင်္ဂါရပ်များ တတ်နိုင်သမျှ ပြည့်စုံအောင် ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ခေတ်မီပြီး ထိရောက်သည့် သင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးရန်အတွက် လိုအပ်သည့်သင်ကြားရေးအဆောက်အအုံများ၊ စာကြည့်တိုက်များ၊ သုတေသန စင်တာများ ပြည့်စုံစေရမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များအနေဖြင့် နိုင်ငံတော်စီးပွားရေးလိုအပ်ချက်နှင့် ကိုက်ညီမယ့် ခေတ်မီသင်ရိုးညွှန်းတမ်းများကို သင်ကြားရာတွင် လက်ရှိဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်သင်တန်းများကို ပြန်လည်သုံးသပ်မွမ်းမံခြင်း၊ ဈေးကွက်လိုအပ်ချက် တောင်းဆိုမှုများပြားသည့် ဘာသာရပ်သင်တန်းအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို သုံးသပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍအနေဖြင့် ဘာသာရပ်ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးသည့်အပြင် လူမှုအသိုက်အဝန်း တိုးတက်မြင့်မားမှုကို အထောက်အကူပြုစေရေးအတွက်ကိုပါ အလေးထားလေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာထဲတွင် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးပါကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကို နှစ်စဉ် တိုးမြှင့်ခွဲဝေပေးလျက်ရှိပါကြောင်း၊ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ပညာရေးနှင့်ဆက်စပ်နေသည့် ဝန်ကြီးဌာနများအတွက် ပညာရေးအသုံးစရိတ် စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံခွင့်ပြုထားပါကြောင်း၊ အဆိုပါခွင့်ပြုပေးထားသည့် ပညာရေးအသုံးစရိတ်သည် ပြည်ထောင်စုအသုံးစရိတ်၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ဂျီဒီပီ၏ ၂ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ညစာစားပွဲအခမ်းအနားတွင် ကပြဖျော်ဖြေကြသည့် အနုပညာရှင်များအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ယူခဲ့သည့် နှစ်နှစ်တာကာလအတွင်း ပညာရေးအတွက်ထင်ရှားသည့် ချီးမြှင့်မှု၊ ပံ့ပိုးမှုအချို့ကို ဖော်ပြရမည်ဆိုပါက ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလက စတင်ပြီး သင်ကြားရေး ဆရာ ဆရာမများကို ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ရာတွင် ပါရဂူဘွဲ့အတွက် သုံးသောင်းကျပ်နှုန်း၊ မဟာဘွဲ့အတွက် နှစ်သောင်းငါးထောင်ကျပ်နှုန်းဖြင့် ဘွဲ့လွန်ဒီပလိုမာအတွက် တစ်သောင်းကျပ်နှုန်းဖြင့် လစဉ်ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း။

### လစဉ်ချီးမြှင့်ပေးအပ်လျက်ရှိ

၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်နေ့က စတင်ပြီး အုပ်ချုပ်မှုစရိတ်အဖြစ် တက္ကသိုလ် ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများအား ကနဦးလစာ၏ ၁၀ ရာခိုင်နှုန်းကို လစဉ်ထပ်ဆောင်းချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ စတင်ပြီး တိုင်းရင်းသားနေ့စားလပေး သင်ကြားရေးအထောက်အကူပြုဆရာ (Teaching Assistant) များကို မူလက တစ်လလျှင် ကိုးသောင်းခြောက်ထောင်ကျပ်မှ တစ်သိန်းသုံးသောင်းကျပ်ကိုလည်းကောင်း၊ တိုင်းရင်းသားဘာသာစကားသင် ဆရာ (Language Teacher) များကို ပုတ်ပြတ်တစ်လလျှင် သုံးသောင်းကျပ်နှုန်းမှ ခြောက်သောင်းကျပ်ကိုလည်းကောင်း တိုးမြှင့်ပြီး လစဉ်ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လကစတင်ပြီး အိမ်ငှားစရိတ်အဖြစ် လူပျို၊ အပျိုများအတွက် မူရင်းလစာ၏ ၄ ရာခိုင်နှုန်းနှင့် အိမ်ထောင်သည်များအတွက် မူရင်းလစာ၏ ၈ ရာခိုင်နှုန်းကို လစဉ်ထောက်ပံ့လျက်ရှိပါကြောင်း၊ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဝတ်စုံစရိတ်အဖြစ် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် တစ်ဦးလျှင် သုံးသောင်းကျပ် ထောက်ပံ့လျက်ရှိပါကြောင်း။

ထို့ပြင် ထိရောက်သည့် သင်ကြားသင်ယူမှုမြှင့်တင်နိုင်ဖို့အတွက် ဆရာကျောင်းသား အချိုးမျှတရန်လိုအပ်သည်နှင့်အညီ ပညာရေးဝန်ကြီးဌာနတွင် ဆရာ ဆရာမ အသစ်များကို ခန့်ထားပေးခဲ့ရာ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမပေါင်း ၁၃၉၀၃ ဦး၊ တက္ကသိုလ်နည်းပြ၊ သရုပ်ပြ ၅၈၉၉ ဦးနှင့် ပညာရေးဒီဂရီကောလိပ်နည်းပြ၊ သရုပ်ပြ ၃၃၃ ဦးတို့ကို ခန့်အပ်ပေးခဲ့ပါကြောင်း၊ အခြားဝန်ကြီးဌာနများက ကျောင်းအသီးသီးတွင်လည်း ဆရာ ဆရာမ ၇၅၃၇ ဦးကို ခန့်အပ်ခဲ့ပါကြောင်း၊ ယခင်က ပညာရေးတက္ကသိုလ် နှစ်ခုမှာသာ ဖွင့်လှစ်ခဲ့သည့် ဘီအီးဒီ (စာပေးစာယူ) ဘွဲ့သင်တန်းကို ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းမှာ တစ်နှစ်လျှင် နှစ်သုတ်နှုန်းဖြင့် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

အရည်အသွေးရှိသည့် ပညာရေးကို သင်ကြားနိုင်ခွင့်ရရှိရန်နှင့် သင်ကြားသင်ယူမှု ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန်အတွက် အခြေခံပညာကဏ္ဍတွင် စာသင်ဆောင်အသစ် ၅၈၃၅ ဆောင်၊ စာကြည့်တိုက် ၁၂၅ ဆောင်၊ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များမှာ စာသင်ဆောင်အသစ် ၂၁ ဆောင်၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင် ၂၂ ဆောင်၊ ဆရာ ဆရာမ အဆောင် ၃ ဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ ၃ ခု၊ သုတေသနစင်တာ ၅ ခု၊ စာကြည့်တိုက် ၃ ခု၊ အားကစားရုံ ၁ ရုံနဲ့ ပညာရေးဒီဂရီကောလိပ်များမှာ စာသင်ဆောင်အသစ် ၂၃ ဆောင်၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင် ၄၀၊ ဝန်ထမ်းအိမ်ရာ ၂၇ ခု၊ စာကြည့်တိုက် ၁ ခု၊ အားကစားရုံ ၂ ရုံတို့ဆောက်လုပ်ပေးခဲ့သည့်အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကျောင်းတိုင်းတွင် သင်ထောက်ကူပစ္စည်း၊ စက်ပစ္စည်း၊ ပရိဘောဂ၊ ဓာတ်ခွဲခန်းသုံးပစ္စည်း၊ ရည်ညွှန်းစာအုပ်များကို ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ အခြားဝန်ကြီးဌာနများမှ ကျောင်းအသီးသီးတွင် အဆောက်အဦ ၁၄၈ လုံးဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း။

### အစွမ်းကုန်ကြိုးပမ်းအားထုတ်

နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးပြီး ပညာရေးကဏ္ဍမြင့်မားစေရန် အဘက်ဘက်မှပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့ကျင်းပသည့် ပညာရေးညီလာခံမှ ပညာရေးတန်းစဉ် ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့် နည်းလမ်းများရှာဖွေရေး၊ ကျောင်းတက်သူဦးရေ တိုးတက်လာစေမည့် နည်းလမ်းများ ရှာဖွေရေး၊ KG+9ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး ဆောင်ရွက်ရေး၊ အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် KG+10, 11, 12 တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာရပ်များ သင်ကြားရေး၊ လုပ်ငန်းခွင်လက်တွေ့အသုံးကျမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံပညာရပ်များ ထိရောက်စွာ သင်ကြားပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်းကိုပါ အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်နှင့်သင်ကြားရေး၊ ဝိဇ္ဇာ– သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ မွေးထုတ်ရေးနှင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး တိုင်းကျိုးပြည်ပြုရှေ့လုပ်ငန်းစဉ် ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ခေတ်ကာလ၏ ဆန်းသစ်သည့်နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာကြီးကိုလက်လှမ်းမီနိုင်ရန် မျိုးဆက်သစ်လူငယ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရာတွင် လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် သိက္ခာရှိစွာ ပြုမူနေထိုင်တတ်အောင်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များ၏ အနာဂတ်ကို ပုံဖော်ရာတွင် စာသင်ကျောင်းများ၊ သင်ရိုးညွှန်းတမ်းအရည်အသွေးများ၊ ဆရာ ဆရာမများ၏ ဘာသာရပ်တတ်ကျွမ်းမှုများ၊ သင်ကြားရေးကျွမ်းကျင်မှုများ၊ နာ သုံးနာနှင့် ပြည့်ဝသည့် ဆရာ့ဂုဏ်နှင့် အသက်မွေးဝမ်းကျောင်းပြုသည့် အလုပ်အပေါ် ထားရှိသည့် သဘောထားများနှင့်တန်ဖိုးထားမှုများက အရေးပါနေမည်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခုကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) တွင် ဝန်ကြီးဌာနပေါင်းစုံမှ ပညာရှင်များက အနာဂတ်မြန်မာ့ပညာရေး ပိုမိုကောင်းမွန်စေရေးအတွက် ရှုထောင့်စုံမှရင်းနှီးပွင့်လင်းစွာ သုံးသပ်ဆွေးနွေးနိုင်ကြပါစေကြောင်း၊ ပညာရေးညီလာခံကြီးတွင် တက်ကြွစွာဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ် ရလဒ်ကောင်းများစွာဖော်ထုတ်နိုင်ပါစေကြောင်း၊ ပညာရေးမိသားစုများနှင့် နိုင်ငံသားများအားလုံး၏ စုပေါင်းစွမ်းပကားနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားသည်ထက်မြင့်မားရလေအောင် ဆောင်ကြဉ်းနိုင်ကြပါစေကြောင်း၊ ပညာတတ်သည့် မျိုးဆက်များနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူလေးများနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **“လူငယ်ပွဲတော်သီချင်း”**နှင့် **“ပုလဲဒေဝီ ယိမ်းအက”**တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

### အထိမ်းအမှတ်လက်ဆောင် ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်သည်တော်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ခန်းမအတွင်း၌ ပညာရေးနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာန ၁၁ ခုမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ဖွင့်ပွဲအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပညာရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအားလုံး ပထမဆုံးအကြိမ် ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ❍ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ မြန်ဆန်စွာ ဆောင်ရွက်ရမည်
## ❍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် စာရင်းဇယား မြန်ဆန်မှန်ကန်စွာ ကောက်ယူနိုင်ရန်လို

❖ ကျော့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကျရောက်ခဲ့ရသည့် စစ်တွေမြို့တွင်း ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုရုံး ဖွင့်လှစ်ထားရှိမှုနှင့် ခရိုင်နှင့်မြို့နယ်တို့တွင်လည်း ဖွင့်လှစ်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ ပြည်သူများအတွက် လတ်တလောအုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်ထားရှိမှု၊ ပြည်နယ်အစိုးရအနေဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ မုန်တိုင်းအလွန်ဆက်သွယ်ရေးမပြတ်တောက်စေရေး ဆောင်ရွက်နေမှု၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ စီမံဆောင်ရွက်မှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ဌာနအလိုက် တာဝန်ပေးအပ်ထားမှု၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ ရေကြောင်းနှင့်လေကြောင်းများမှ ရောက်ရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျ ထိန်းသိမ်း၍ ဖြန့်ဝေပေးနေမှု၊ သဘာဝဘေးသင့်ခဲ့ရသည့် နေအိမ်များ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေမှု၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ရရှိရေး ဆောင်ရွက်နေမှု၊ ကျန်းမာရေးအထူးအဖွဲ့များ ဖွဲ့စည်း၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ ရခိုင်ပြည်နယ်အတွင်း ကယ်ဆယ်၊ ကူညီထောက်ပံ့ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကယ်ဆယ်ကူညီထောက်ပံ့မှုများအား အချိန်နှင့်တစ်ပြေးညီ မြန်ဆန်စွာဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းများ၊ တက္ကသိုလ်များ အမြန်ဆုံး ပြင်ဆင်၍ အချိန်မီဖွင့်လှစ်နိုင်ရန် ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်ရန် ဆောင်ရွက်နေမှု၊ မုန်တိုင်းသင့်မြို့နယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ပြည်သူများအား လိုအပ်သည်များ ကူညီထောက်ပံ့ခဲ့မှု၊ ပျက်စီးမှုနှင့် သေဆုံးစာရင်းများအား အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ကောက်ခံနေမှု၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့်ဆေးရုံများ အမြန်ဆုံးပြုပြင်နိုင်ရန် ဆောင်ရွက်နေမှု၊ တပ်မတော်ရေယာဉ်၊ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် လိုအပ်သည့်နေရာများသို့ ဖြန့်ဝေပေးနေမှု၊ ဆန်၊ ဆီ၊ ရိက္ခာ၊ ဆေးဝါးပစ္စည်းများ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ထောက်ပံ့ကူညီဆောင်ရွက်နေမှု၊ လျှပ်စစ်မီးရရှိစေရန် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှု၊ မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် တာဝါတိုင်များနှင့် ဆက်သွယ်ရေးစခန်းများ ပြန်လည်ပြုပြင်၍ ဆက်သွယ်ရေးမပြတ်တောက်စေရန် ဆောင်ရွက်နေမှု၊ သောက်သုံးရေလုံလောက်စွာရရှိစေရေး မိုဘိုင်းရေသန့်စက်များဖြင့် ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးကိုကိုလှိုင်တို့က ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများသို့ ကွင်းဆင်းသွားရောက်၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်သင့်မြို့များအတွင်း ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ မူလအနေအထားပြန်လည်ရရှိရန်နှင့် မြို့သန့်ရှင်းသာယာရေးဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် စားရေရိက္ခာများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများ ထောက်ပံ့ကူညီနေမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ ထောက်ပံ့ရန် ကမ်းလှမ်းထားမှုနှင့် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာကုမ္ပဏီများအနေဖြင့်လည်း နည်းပညာအကူအညီ ကူညီထောက်ပံ့ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ မုန်တိုင်းအလွန် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ ပြန်လည်စတင်ဆောင်ရွက်ရန် စီစဉ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

### အရန်ဆန်တင်ပို့ဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသောင်းဟန်၊ ဒေါ်သက်သက်ခိုင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်ခိုင်ဝင်းတို့က ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် လျှပ်စစ်ဓာတ်တိုင်များအား အမြန်ဆုံးပြန်လည်ပြင်ဆင်၍ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိစေရန် ဆောင်ရွက်နေမှု၊ မဟာဓာတ်အားလိုင်းများအား စက်ယန္တရားများ အသုံးပြုပြင်ဆင်ဆောင်ရွက်၍ ဓာတ်အားဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ စားရေရိက္ခာ လုံလောက်မှုရှိစေရန် အရန်ဆန်တင်ပို့ဆောင်ရွက်၍ လိုအပ်သည့် ဒေသများအား ဖြန့်ဝေဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အဦများ ပြန်လည်ပြုပြင်နိုင်ရန် အိမ်ဆောက်ပစ္စည်းများ ဖြန့်ဝေဆောင်ရွက်နေမှု၊ အသင့်စားအစားအစာများ ထောက်ပံ့ကူညီနေမှု၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ လမ်းမကြီးများ၊ တံတားများနှင့် အဆောက်အဦများအား အချိန်မီပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ဆေးရုံ၊ ကျောင်း၊ ဦးစားပေးအဆောက်အဦများနှင့် သာသနာရေး အဆောက်အဦများကို ဦးစားပေးအဖြစ် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေမှု၊ ဆောက်လုပ်ရေးအသင်းအဖွဲ့များ စုပေါင်း၍ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးအသင်းအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်နေမှု၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဆေးရုံကြီးများအား ပြင်ဆင်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ဆောင်ရွက်ပေးနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အရေးပေါ်လိုအပ်သည့်ဒေသများသို့ အရေးပေါ်ကျန်းမာရေးအထူးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးနေမှု၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဆေးဝါးလှူဒါန်းရန် ကမ်းလှမ်းပြင်ဆင်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှုအပေါ် ကူညီကယ်ဆယ်ရေး၊ ပြန်လည် တည်ဆောက်ရေးနှင့် ပြည်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

### ဦးစားပေးပြုပြင်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် မုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အဆောက်အဦများ ပြန်လည်ပြင်ဆင်ရန် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို ပို့ဆောင်လျက်ရှိရာ ထိခိုက်ပျက်စီးမှုစာရင်းများကို စနစ်တကျကောက်ခံရရှိမှသာ အရေအတွက်တိကျစွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အဆောက်အဦများ ပြန်လည်ပြုပြင်ရာတွင်လည်း ဇွန် ၁ ရက် ကျောင်းဖွင့်အမီ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းများကို ဦးစားပေး ပြုပြင်ရမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်သေဆုံးစာရင်းများနှင့်ပတ်သက်၍လည်း စာရင်းသေချာမှန်ကန်စွာ ကောက်ယူ၍ မျိုးအလိုက် လိုအပ်သည့်ဒေသများသို့ မည်သို့ပြန်လည်ပံ့ပိုးပေးရမည်ကိုလည်း စီစစ်ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းစာရင်းဇယားအချက်အလက်များကို ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှတစ်ဆင့် အမျိုးသားအဆင့်ကော်မတီသို့ ပေးပို့ရန်လိုအပ်ကြောင်း၊ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ကွပ်ကဲမှုအောက်တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီများ ကမ်းလှမ်းပါက အဆောက်အဦများအတွက် သွပ်နှင့်သွပ်သံ၊ ဆေးဝါးများနှင့် Cyclone shelterများလည်း ကူညီပေးနိုင်ကြောင်းကို လမ်းညွှန်ထားကြောင်း၊ လျှပ်စစ်ပိုင်းနှင့်ပတ်သက်၍ လျှပ်စစ်မီးအမြန်ဆုံးရရှိစေရန် ဆောင်ရွက်စေလိုကြောင်းနှင့် မြို့သန့်ရှင်းသာယာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ မြန်ဆန်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် စာရင်းဇယားမြန်ဆန်မှန်ကန်စွာ ကောက်ယူနိုင်ရန် လိုအပ်ကြောင်း၊ ယင်းအတွက် ဌာနဆိုင်ရာအဖွဲ့များအနေဖြင့် မြို့နယ်အလိုက် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

### စာရင်းဇယားသည်လည်း အရေးကြီး

ဆက်လက်၍ နိဂုံးချုပ် ပြောကြားရာတွင် နိုင်ငံတော် ဝန်ကြီးချုပ်၏ သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားခဲ့ရသည့် ဒေသများနှင့် ပတ်သက်၍ ပထမအချက်အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး ပြန်လည်ထူထောင်ရေးကာလအတွင်း အခြေမကျမီ အိမ်ထောင်စုတိုင်း သတ်မှတ် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ လက်ဝယ်ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မုန်တိုင်းမစတင်မီ အရန်ဆန်တစ်သောင်းအပြင် တခြားလိုအပ်သည့် စားရေရိက္ခာများကိုလည်း ကြိုတင်ပြင်ဆင် စုဆောင်းထားကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေး ကာလတွင်အသုံးပြုနိုင်ရန် အရန်ဆန်အနက်မှ တန် ၃၀၀၀ အား တပ်မတော်(ရေ)မှ စစ်သင်္ဘောများ၊ အရပ်ဘက် ကုန်တင်သင်္ဘောများဖြင့် ပေးပို့လျက်ရှိကြောင်း၊ အရန်ဆန်နှင့် သတ်မှတ်အရေးပေါ် အမယ်များ ထောက်ပံ့ဖြန့်ဝေရာတွင် အိမ်ထောင်စုတိုင်း ရရှိစေရန် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်စေလိုကြောင်း၊ ယင်းသို့ ဖြန့်ဝေရာတွင် စာရင်းဇယားသည်လည်း အရေးကြီးကြောင်း၊ ဒုတိယအချက်အနေဖြင့် ရေကောင်းရေသန့်ရရှိစေရန် ဖြစ်ကြောင်း၊ ယင်းသို့ ရေကောင်းရေသန့် ရရှိစေရန် တပ်မတော်နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ရွှေ့လျားရေသန့် စက်ယန္တရားများဖြင့် စီမံဆောင်ရွက်ထားရှိသည့်အပြင် လက်နှိပ်တုံကင်များလည်း ထပ်မံဖြည့်တင်းပေးမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် ဆက်သွယ်မှုကောင်းမွန်စေရန်ဖြစ်ကြောင်း၊ ဆက်သွယ်မှုအမြန်ဆုံး ပြန်လည်ကောင်းမွန်စေရန်အတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆက်သွယ်မှုစနစ်သည် အရေးကြီးသည့်အတွက် အမြန်ဆုံးကောင်းမွန်စေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် မုန်တိုင်းဒဏ်ခံဆောက်အဦများ လိုအပ်သည့် ဒေသများတွင် ထပ်မံတည်ဆောက်ရန်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ကြီးများ ဝဲယာရှိ မြို့/ရွာများတွင် အဓိကထားတည်ဆောက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးကာလအတွင်း လျာထားတင်ပြရန်လိုကြောင်း။

### အင်တိုက်အားတိုက်ဆောင်ရွက်

ဇွန် ၁ ရက်တွင် တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သဖြင့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများအနက် အထက်တန်းကျောင်းများအား ဦးစားပေးအဖြစ် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ပြည်နယ်အတွင်း ဆေးရုံကြီးများကိုလည်း အမြန်ဆုံးပြုပြင်ဆောင်ရွက်ရန်လိုကြောင်း၊ မြို့သန့်ရှင်းသာယာရေးအတွက် အသင့်စုဖွဲ့ထားသည့် ပူးပေါင်းအဖွဲ့များဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းမကျရောက်မီကပင် ကြိုတင်သတိပေး၍ ဘေးကင်းရာသို့ ရွှေ့ဆိုင်းစေခဲ့ကြောင်း၊ ပြည်သူအများစုမှာ လိုက်နာကြသော်လည်း တချို့မလိုက်နာကြသည့်အတွက် မလိုလားသည့် အသက်ဘေးအန္တရာယ် ကြုံတွေ့ရသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရကြောင်း၊ မုန်တိုင်းမကျရောက်မီ ၉ ရက် ခန့်ကပင် သေချာစွာ ကြိုတင်ပြင်ဆင်မှုများကြောင့် အနည်းဆုံး ထိခိုက်ပျက်စီးမှုသာဖြစ်ခဲ့ကြောင်း၊ ယခုမုန်တိုင်းလွန်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးမူလအခြေအနေထက် သာလွန်ကောင်းမွန်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျဖြင့် အမှန်တကယ် လိုအပ်သူများ လက်ဝယ်သို့ ရောက်ရှိစေရန်နှင့် အလေအလွင့် အနည်းဆုံးဖြစ်အောင် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျကြီးကြပ်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံစားကြရသည့် ပြည်သူများအနေဖြင့်လည်း မိမိပြည်နယ်၊ မြို့ရွာများကို ပြန်လည်ထူထောင်ရေး တစ်တပ်တစ်အားလာရောက်ကူညီဆောင်ရွက်ပေးနေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့်အတူ ပူးပေါင်းလက်တွဲ၍ မိမိမြို့ရွာများ အမြန်ဆုံး မူလအခြေအနေထက် ပိုမိုကောင်းမွန်သော စံပြမြို့၊ ရပ်ကွက်/ ကျေးရွာများဖြစ်စေရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း မှာကြားခဲ့သည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ရန်ကုန်မြို့မှ ထောက်ပံ့ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ဆောင်လာသည့် စစ်ရေယာဉ်မှုတ္တမကို သွားရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေးပစ္စည်းများအား ပို့ဆောင်ရမည့်ဒေသများသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရန်ကုန်မြို့မှ ထောက်ပံ့ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ တင်ဆောင်လာသည့် စစ်ရေယာဉ်မှုတ္တမအတွင်း ထောက်ပံ့ရေးပစ္စည်းများအား ကြည့်ရှုစဉ်။

**စစ်တွေ မေ ၁၈**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ရန်ကုန်မြို့မှ ထောက်ပံ့ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ တင်ဆောင်လာသည့် စစ်ရေယာဉ်မှုတ္တမကို သွားရောက်ကြည့်ရှုပြီး ကယ်ဆယ်ရေးပစ္စည်းများအား ပို့ဆောင်ရမည့် ဒေသများသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်သည်။

အဆိုပါ စစ်ရေယာဉ်မှုတ္တမဖြင့် ဆန်၊ စားအုန်းဆီနှင့် စားသောက်ကုန်များ၊ သောက်ရေသန့်များ၊ မိသားစုသုံးပစ္စည်းများပါဝင်သည့် Family Kits များ၊ ဆက်သွယ်ရေး တာဝါတိုင်နှင့် ဆက်စပ်ပစ္စည်းများ၊ ၅၀၀ ကေဗွီအေ မီးစက်ကြီး နှစ်လုံး၊ ရေသန့်စင်စက်တင်ယာဉ် နှစ်စီး၊ တာပေါ်လင်များ၊ သွပ်ပြားများနှင့် အိမ်ဆောက်ပစ္စည်းများ၊ လက်ကိုင်လွှစက် အစုံ ၂၀၊ ရွှေ့လျားမိုဘိုင်းဆက်သွယ်ရေးယာဉ် နှစ်စီးနှင့် စက်သုံးဆီတို့ပါဝင်၍ တန်ချိန် ၉၃၀ တင်ဆောင်လာခဲ့ကြောင်း သိရပြီး သက်ဆိုင်ရာနေရာများသို့ အမြန်ပေးပို့၍ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါ စစ်ရေယာဉ်ဖြင့် လျှပ်စစ် ဝန်ထမ်း ၁၀၄ ဦးပါရှိလာသည့်အပြင် လျှပ်စစ်မီးပြန်လည်ရရှိရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အခြားဒေသများမှ လျှပ်စစ်ဝန်ထမ်း ၄၀၀ ကျော်ကို ရခိုင်ပြည်နယ်သို့ အင်အားဖြည့်တင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ဦးဥတ္တမပန်းခြံအတွင်း မုန်တိုင်းဒဏ်ကြောင့် လဲပြိုခဲ့သည့် သစ်ပင်ကြီးများအား တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။ **(အောက်ပုံ)**

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် အမြန်ရေယာဉ် ဆိပ်ကမ်းသို့ ရောက်ရှိပြီး လက်ကိုင်လွှစက်များ၊ သန့်ရှင်းရေးဆောင်ရွက်မည့် ပစ္စည်းများ၊ တာပေါ်လင်စများ တင်ဆောင်၍ မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပေါက်တောမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်ရန် သွားရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးမှ မီးသတ်တပ်ဖွဲ့ဝင် ၁၁၆ ဦးနှင့်၊ ရသေ့တောင်မြို့နယ်သို့ သွားရောက်မည့် ပဲခူးတိုင်းဒေသကြီးမှ မီးသတ်တပ်ခွဲတစ်ခွဲတို့ကို မုန်တိုင်းကြောင့် ပျက်စီးခဲ့မှုများအား စနစ်တကျ ရှင်းလင်းဆောင်ရွက်နိုင်ရေး မှာကြားကာ အားပေးစကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် လောကာနန္ဒာ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရန်ကုန်တိုင်းဒေသကြီးမှ ရောက်ရှိနေသော မီးသတ်တပ်ဖွဲ့ဝင်များက စက်၊ ယာဉ်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေခြင်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)**



ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေလေဆိပ်သို့ သွားရောက်ကာ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိနေသည့် ရိက္ခာများနှင့် ကယ်ဆယ်ရေးပစ္စည်းများအား သယ်ယူဆောင်ရွက်နေခြင်းကို ကြည့်ရှုအားပေးပြီး လေဆိပ်အဆောက်အဦများ သန့်ရှင်းရေးနှင့် ပြန်လည်ပြုပြင်ရေး အမြန်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန် ယနေ့နံနက်ပိုင်းမှစတင်ကာ ခရီးသည်တင် လေယာဉ်ခရီးစဉ်များ ပုံမှန်ပြန်လည် ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက်မြို့တွင်းလမ်းမကြီးများပေါ်တွင် မုန်တိုင်းဒဏ်ကြောင့် လဲပြိုကျနေသော သစ်ပင်များအား ပိုင်းဖြတ် ဆောင်ရွက်နေခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် မီးကြိုးများအား ပြန်လည်ပြုပြင်ခြင်းတို့ကို သက်ဆိုင်ရာဝန်ထမ်းများက ဆောင်ရွက်နေခြင်းကို လှည့်လည်ကြည့်ရှုပြီး **(အောက်ပုံ)** လုပ်ကိုင်ဆောင်ရွက်နေသူများကို အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ပြီး မုန်တိုင်းကြောင့် ပျက်စီးသွားသော ဆေးကုသဆောင်များ၏ အမိုးများအား ပြန်လည်မိုးကာနေမှု၊ ရေသန့်ရရှိအောင်ဆောင်ရွက်ပြီး ရေချိုးနှင့် ဆေးရုံအတွင်း ပြုပြင်ရန်လိုအပ်ချက်များကို ပြင်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး စနစ်တကျနှင့် အမြန်ပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော လမ်းများနှင့် စစ်တွေပွိုင့်ကမ်းခြေပတ်လမ်း ပျက်စီးနေမှုတို့ကို လှည့်လည်ကြည့်ရှုကာ အမြန်ပြုပြင်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး ဆက်လက်ဆောင်ရွက်မည့်အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိမိတို့အဖွဲ့သည် မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးနောက်နေ့ မေ ၁၅ ရက်မှစတင်၍ ရောက်ရှိကာ မုန်တိုင်းသင့်ဒေသများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စားရေရိက္ခာများ၊ ဆေးဝါးများ၊ ကျန်းမာရေးပစ္စည်းများ၊ အမိုးအကာနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ အမြန်ရောက်ရှိရေးနှင့် သက်ဆိုင်ရာဒေသများသို့ အမြန်ပို့ဆောင်ရေး ဆောင်ရွက်ပေးနေမှုများ၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများအား ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း စသည်တို့ကို ဦးစားပေးဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံခဲ့ရသောမြို့ရွာများ ပြန်လည်ထူထောင်ရေးကို နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ ***စာမျက်နှာ ၈ သို့***





*စာမျက်နှာ ၇ မှ*

အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထိုသို့ ဆောင်ရွက်နေမှုများကိုလည်း ဒေသခံဝန်ထမ်းများနှင့် ပြည်သူများက ပူးပေါင်းပါဝင်ကြမှသာ လုပ်ငန်းမြန်ဆန် ထိရောက်အောင်မြင်မည် ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာများ အနေဖြင့်လည်း လုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စေရန် ဝန်ထမ်းများ အင်အားဖြည့်တင်းပြီး ဆောင်ရွက်ရန်လိုမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က စစ်တွေမြို့အပါအဝင် မုန်တိုင်းဒဏ်ခံခဲ့ရသောမြို့၊ ရွာများတွင် လမ်းမများ၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းအောင်မြင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၅)ကြိမ်မြောက် တရုတ်(အနောက်ပိုင်းဒေသ) အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ကုန်စည်ပြပွဲ တက်ရောက်

**နေပြည်တော် မေ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ် (အနောက်ပိုင်းဒေသ) အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးဆိုင်ရာ ကုန်စည်ပြပွဲ ( The 5th Western China International Fair for Investment and Trade– WCIFIT) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် မြန်မာပြခန်းများ အပါအဝင် နိုင်ငံတကာပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

**ပြခန်းများပါဝင်ပြသ**

အဆိုပါပြပွဲကို ပိုမိုကောင်းမွန်သော အနာဂတ်အတွက် တရုတ်နိုင်ငံ အနောက်ပိုင်းဒေသနှင့် ကုန်သွယ်ဖက်နိုင်ငံများအကြား ပူးပေါင်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၃၆ နိုင်ငံမှ ပြခန်းပေါင်း ၈၂၄ ခန်း ပါဝင်ပြသလျက်ရှိကြောင်းနှင့် ပြပွဲကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆွေးနွေး**

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Li Mingqing တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်၍ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးနှင့် မြန်မာ့လယ်ယာ ထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**




## မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေး ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်အစီအစဉ်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၈**

ရုရှားခရီးသွား ဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ ပိုမိုဝင်ရောက်လာရေးအတွက် မြန်မာ – ရုရှား ခရီးသွားမြှင့်တင်ရေး ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်အစီအစဉ်များ (Familiari–zation–FAM Trip) ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများ၊ Myanmar Airways International (MAI)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Ural Airlines ၏ မြန်မာကိုယ်စားလှယ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ–ရုရှား ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ–ရုရှား ခရီးသွားမြှင့်တင်ရေး ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ်အစီအစဉ်များ (Familiarization–FAM Trip) စတင်အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနအနေဖြင့် မူဝါဒပိုင်းဆိုင်ရာနှင့် စည်းမျဉ်း/စည်းကမ်းအပိုင်းကိုသာ ဆောင်ရွက်သည်မဟုတ်ဘဲ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် ခရီးစဉ်လမ်းကြောင်းများ၊ တည်းခိုနေရာချထားရေးများ၊ Social influe–ncer ကဲ့သို့ ဖိတ်ကြားသွားမည့်သူများနှင့် ပြီးပြည့်စုံသောခရီးစဉ်အစီအစဉ်များ (Package Tour) ကို စနစ်တကျရေးဆွဲပြီး ဝန်ကြီးဌာနသို့ အမြန်ပေးပို့ရန် လိုကြောင်း၊ ယင်းခရီးစဉ် အစီအစဉ်များရရှိပါက တစ်ဖက်နိုင်ငံရှိ အစိုးရ၊ အသင်းအဖွဲ့များနှင့် ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများထံသို့ အကြောင်းကြားသွားမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရုရှား–မြန်မာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားခရီးသွားဧည့်သည်များ လာရောက်ရေးအတွက် ယခုချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ခရီးစဉ် ဖန်ထရစ် (FAM Trip) ဖြင့် စတင်အကောင်အထည်ဖော်လိုကြောင်း၊ မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် မဟုတ်မမှန် သတင်းအမှားများကို social media များတွင် ဖြန့်ဝေနေမှုများ ရှိနေပါကြောင်း၊ ယခုအစီအစဉ်တွင် ပါဝင်လာကြမည့် ရုရှား influencer များနှင့် မီဒီယာများက အမှန်တကယ် ပကတိအခြေအနေကို မြင်တွေ့ပြီး အပြုသဘောဆောင် အကောင်းမြင်မှုရှိသော သတင်းများ ပြန်လည်ဖြန့်ဝေကြရန် ရည်ရွယ်ပါကြောင်း၊ ယခု ဖန်ထရစ် (FAM Trip) အစီအစဉ်သည် ရုရှားခရီးသွားဧည့်သည်များ ပိုမို ဝင်ရောက်လာရေးအတွက် အထောက်အပံ့တစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက ဖန်ထရစ် (FAM Trip) စီစဉ်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ဖိတ်ခေါ်မည့်သူများ ရွေးချယ်ရေး၊ ခရီးစဉ်လမ်းကြောင်းများ စီစဉ်ထားရှိမှုနှင့် လေကြောင်းလိုင်းပြေးဆွဲနိုင်မှုတို့ကို ကဏ္ဍအလိုက် တင်ပြကြပြီး တင်ပြချက်များအပေါ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ် ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူဦးကြီးများအား ၂၀၂၃ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**မြောင်းမြ မေ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူဦးကြီးများအား ၂၀၂၃ ခုနှစ်အတွက် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ယနေ့နံနက် ၉ နာရီခွဲက စတင်ထုတ်ချေးပေးသည်။

ထိုသို့ ၂၀၂၃ ခုနှစ်အတွက် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးရာတွင် ယနေ့တွင် ကညင်ဂဲကျေးရွာအုပ်စုမှ တောင်သူ ၁၀၅ ဦး၏ လယ်ဧက ၇၅၅ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးငွေကျပ် ၁၁၃၂ ဒသမ ၅၀ သိန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ချေးငွေညွှန်ကြားစာပါအတိုင်း စတင်ထုတ်ချေးပေးကြောင်း သိရသည်။

မြောင်းမြမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးပေးမည့် လျာထားကျေးရွာအုပ်စု ၈၅ အုပ်စုရှိပြီး လျာထားလယ်ဧက ၂၇၀၀၀၀၊ ထုတ်ချေးပေးမည့် လျာထားငွေကျပ်သန်း ၄၀၅၀၀ ရှိကြောင်း မြောင်းမြခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ တာဝန်ခံကြီးကြပ်ရေးမှူး ဦးမင်းထူးထံမှ သိရသည်။

တောင်သူ ဦးကြီးများအား မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးရာတွင် ယခင်ချေးငွေအရင်းအတိုးများကို ပြေကျေစွာပေးဆပ်ပြီးမှသာ ထုတ်ချေးပေးမည်ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်းငါးရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးမည် ဖြစ်ကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ



**နေပြည်တော် မေ ၁၈**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပလျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါညီလာခံသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက်ရောက်၍ Keynote Speech ပြောကြားရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေး ညီလာခံ(၂၀၂၃)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် ချက်နှင့်အညီ "မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး" ဦးတည်ချက်ဖြင့် ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာန ၁၁ ခု ပူးပေါင်း ကျင်းပခြင်းဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်ခြင်းသည် ပညာရှာမှီးသူ ပုဂ္ဂိုလ်များကိုသာမက လူ့အသိုင်း အဝိုင်းနှင့် မျက်မှောက်ကမ္ဘာကြီးတစ်ခုလုံး၏ အနာဂတ်ကို ပုံဖော်နေခြင်းဖြစ်ကြောင်း၊ လူငယ် လူရွယ်များ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေး အတွက် ပညာရေးနိမ့်ကျနေမှုကို ကုစားနိုင်မည့် နည်းလမ်းများကိုဖော်ထုတ်ပြီး ပညာရေးတိုးတက် အောင် မြှင့်တင်ပေးနိုင်မည့်နည်းလမ်းများ ပေါ်ထွက် လာအောင် ဆွေးနွေးရေးသည် ယခုပညာရေး ညီလာခံကြီး ကျင်းပရန်ဖြစ်ပေါ်လာသည့် အကြောင်း တရား တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ညီလာခံကြီး ကျင်းပရသည့် ရည်ရွယ်ချက် ၇ ချက်ကို လမ်းညွှန်ပေးခဲ့ပါကြောင်း။

ယင်း ၇ ချက်မှာ- (၁) ပညာရေးတန်းစဉ် ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့် နည်းလမ်းရှာရန်၊ (၂) KG +9 ပညာရေးကို အမျိုးသား ရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး/ ပြည်နယ် အားလုံး ဆောင်ရွက်ရန်၊ (၃) အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေး အတွက် KG+10၊ 11၊ 12 တွင် စိုက်ပျိုး၊ မွေးမြူရေး၊ နည်းပညာရပ်များ သင်ကြားရေး၊ (၄) လုပ်ငန်းခွင် လက်တွေ့အသုံးကျမည့် စိုက်ပျိုး၊ မွေးမြူရေး၊ စက်မှုသိပ္ပံများ ထိရောက်စွာ သင်ကြားရန် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ (၅) အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အပြင် လူမှုအသိုက်အဝန်း အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့် သင်ကြားရေး၊ (၆) ဝိဇ္ဇာ၊ သိပ္ပံ ပညာရှင်များ၊ နည်းပညာရှင်များ မွေးထုတ်ရေး၊ (၇) လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည် ချစ်စိတ်ရှိစေရေးတို့ ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရောက်ရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်ရေးကို မူဝါဒချမှတ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ စာရင်း ဇယားများအရ ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှု နည်းပါးနေကြောင်း တွေ့ရ သည့်အတွက် ကုစားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးအဖြေရှာပြီး အနည်းဆုံး KG+9 ပြီးဆုံး သည်အထိ တက်ရောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံး ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်နေပါကြောင်း၊ ခရိုင် ၅၀ တွင် ယခုဖွင့်လှစ်ခွင့်ပြုရ စတင်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူ ရေး အထက်တန်းကျောင်း ၅၁ ကျောင်း အသစ်ဖွင့် လှစ်ပေးမည်ဖြစ်ပြီး ထိုကျောင်းများတွင် ၃ နှစ် တက်ရောက်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်ကြသကဲ့ သို့ ထူးချွန်သူများအနေဖြင့်လည်း အဆင့်မြင့်ပညာ များကို ဆက်လက်ဆည်းပူးခွင့် ရရှိမည်ဖြစ်ပါ ကြောင်း၊ သက်မွေးအခြေခံပညာများ တတ်မြောက် ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်း အားဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြု နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပညာရေး တိုးတက်မြင့်မားရေးတွင် အဟန့်အတားဖြစ်နေသော အကြောင်းရင်းများကိုဆွေးနွေးအဖြေရှာပြီး ရှေ့လုပ်ငန်း စဉ်များကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြု ဖော်ထုတ်ကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ အနာဂတ် ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်း ရင်း ပညာရေးညီလာခံကြီး အောင်မြင်စေရန် ဆန္ဒပြု အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion) ကိုကျင်းပရာ စကားဝိုင်းဆွေးနွေးပွဲ - ၁ (Panel Discussion-1) တွင် Moderator အဖြစ် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ Panelists များအဖြစ် တိုင်းရင်း သားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးအောင်သိုက်ထွန်း၊ သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာ စကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း နှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းတို့က ဆောင်ရွက်ကြပြီး "ကျောင်းတက် သူဦးရေ တိုးတက်ရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်ရေး နည်းလမ်းများဖော်ထုတ်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း။

စကားဝိုင်းဆွေးနွေးပွဲ-၂ (Panel Discussion-2) တွင် Moderator အဖြစ် ပညာရေးဝန်ကြီးဌာန မကွေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ ခင်မောင်ဦး၊ Panelists များအဖြစ် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တော နှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်၊ ပညာရေးဝန်ကြီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နေဝင်းဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြမြဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းတို့က ဆောင်ရွက်ကြပြီး "အဆင့်မြင့်ပညာကဏ္ဍတွင် ဘာသာရပ်ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း တိုးတက်မြင့်မားမှုကို အထောက်အကူပြုစေမည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာ ရှင်များ လုံလောက်စွာမွေးထုတ်ရေး နည်းလမ်းများ ဖော်ထုတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း။

စကားဝိုင်းဆွေးနွေးပွဲ-၃ (Panel Discussion-3) တွင် Moderator အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦး၊ Panelists များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်း၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက် တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာဇော်ဝင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင် တို့ကဆောင်ရွက်ကြပြီး "KG+9 အလွန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာနှင့် အသက်မွေး ဝမ်းကျောင်းပညာ အခြေခံရရှိရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများ ဖော်ထုတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးကြ ပြီး တက်ရောက်လာသူများကလည်း တက်ကြွစွာ ပါဝင်မေးမြန်းခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မုန်တိုင်းကျရောက်ပြီးအချိန်တွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်နေစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်

**စစ်တွေ မေ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီး ဌာနမှူး ဒေါက်တာကြည်လွင်နှင့် တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ သူနာပြု သင်တန်းကျောင်းကျောင်းဝင်းအတွင်း အမှိုက်များ ရှင်းလင်းနေမှုနှင့် အဆောက်အဦများ ပြင်ဆင်နေမှု ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းသူ သင်တန်းသားများနှင့်တွေ့ဆုံကာ အားပေး စကားပြောကြားပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ တိုင်းရင်းဆေးရုံကြီးသို့ ရောက်ရှိရာ ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဒေါ်သိန်းသိန်းဦးက ဆေးရုံကြီး၏ ပျက်စီးဆုံးရှုံးမှု များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန် ရှိသူများသည် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး အထူးကုဆရာဝန်ကြီးများ၊ RRT(Rapid Response Team) ဆေးအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် မုန်တိုင်းမကျရောက်မီ၊ ကျရောက်နေစဉ် နှင့် ကျရောက်ပြီးအချိန်များတွင် ၂၄ နာရီပတ်လုံး ပြည်သူလူထု၏ ကျန်းမာရေးကို ကျရာအခန်းကဏ္ဍမှ နေ၍ စောင့်ရှောက်ပေးနေသည့်အတွက် ကျေးဇူး တင်ရှိပါကြောင်း၊ မုန်တိုင်းကျရောက်ပြီး အချိန်တွင် လည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နေစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လည်း ပျက်စီးသွားသည့် ကျန်းမာရေးအဆောက်အဦများကို ပထမဦးစားပေး အနေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ကျန်းမာရေးဝန်ထမ်း များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာအထူးကုဆရာဝန်ကြီး များက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရသေ့တောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်များသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် သွားရောက်မည့် RRT(Rapid Response Team) ဆေးအဖွဲ့ ငါးဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မုန်တိုင်းဒဏ်ခံ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေ အသုံးဆောင်ပစ္စည်းများ လုံလုံလောက်လောက် ယူဆောင်သွားရန်နှင့် အားဖြည့်ဆောင်ရွက်ရမည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများအား မှာကြား သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံအားပေး စကားပြောကြားပြီး ရှေ့ဆက်လက် ဆောင်ရွက်ရမည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး သည်။ ယနေ့တွင် အထူးကုဆရာဝန်ဆေးအဖွဲ့ (Specialist Medical Team)က ဘုန်းတော်ကြီး ကျောင်း ခြောက်ကျောင်းနှင့် အနောက်စံပြ ရပ်ကွက်၊ သက္ကယ်ပြင်တိုက်နယ်ဆေးရုံတွင် ကျေးရွာနေပြည်သူ လူထုကို ဆေးကုသမှုပေးခဲ့ပြီး ပြည်သူ့ကျန်းမာရေး အဖွဲ့များက စစ်တွေမြို့ အနောက်စံပြရပ်ကွက်နှင့် မိဇ္ဇရပ်ကွက်ရှိ ရေတွင်းရေကန်များအား ကလိုရင်း ဆေးခတ်ပေးခဲ့ပြီး ရခိုင်ပြည်နယ်ရှိ အခြားမြို့နယ်များ တွင်ရှိသော အများပြည်သူ သောက်သုံးရေကန်များ ကိုများကိုလည်း ကလိုရင်းဆေးခတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မိုခါ (MOCHA) ပေးတဲ့ မြန်မာ့စွမ်းအား

ကျော်ရဲအောင်

**သဘာဝဘေးအန္တရာယ်ဆိုသည်မှာ အချိန်အခါမရွေး၊ နေရာဒေသမရွေး ဖြစ်ပွားနိုင်ပါတယ်။ လူသားတို့ မှီတင်းနေထိုင်လျက်ရှိသော ကမ္ဘာပေါ်မှာ သဘာဝအလျောက် ရုတ်တရက် ပြောင်းလဲဖြစ်ပေါ်လာသော ဖြစ်စဉ်တစ်ရပ်ကို သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်ပါတယ်။ မြေငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီ ရေလှိုင်းရိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ထူးဆန်းရောဂါဘေးများ ကျရောက်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများ ကျရောက်ခြင်းတို့ ဖြစ်ပါတယ်။**

အာရှတိုက်တွင် ပါဝင်တဲ့ အရှေ့တောင်အာရှ ဒေသဟာ အနောက်တောင် မုတ်သုံရာသီနဲ့ အရှေ့မြောက် မုတ်သုံရာသီကို ရရှိခံစား ရပါတယ်။ အဆိုပါ မုတ်သုံရာသီတို့ကြောင့် မိုးရေ ကောင်းစွာရရှိပြီး စိုက်ပျိုးရေးကို များစွာ အထောက်အကူပြုပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်တို့ မျက်နှာမူထားတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အနောက်တောင် မုတ်သုံရာသီကို ကောင်းစွာ ရရှိခံစားရပါတယ်။

**ကုန်းတွင်းပိုင်းသို့ဝင်ရောက် တိုက်ခတ်အားပျော့ပျက်ပြယ်**

ပူပြင်း ခြောက်သွေ့သော နွေရာသီတွင် အပူချိန်မြင့်မားလာမှုနဲ့အတူ ဘင်္ဂလားပင်လယ်အော်အတွင်း ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာခြင်း၊ လေထုမငြိမ်မသက် ဖြစ်ခြင်းတို့နဲ့အတူ လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းငယ်များ၊ဆိုင်ကလုန်းမုန်တိုင်းကြီးများ အစပျိုးဖြစ်ပေါ်ပြီး ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ် အားပျော့ပျက်ပြယ်လေ့ ရှိပါတယ်။ ဒ့ါကြောင့် ဘင်္ဂလား ပင်လယ်အော်ဟာ ဆိုင်ကလုန်းမုန်တိုင်းများ အစပျိုးရာ၊ ဆိုင်ကလုန်းမုန်တိုင်းနဲ့အတူ မုတ်သုံရာသီစတင်ရာ ပင်လယ်ပြင်အဖြစ် ထင်ရှားပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ စတင်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးများဟာ အနောက်၊အနောက်မြောက်သို့ စတင်ရွေ့လျားပြီး မြောက်၊ အရှေ့မြောက်သို့ ရွေ့လျားကာ တစ်ခါတစ်ရံတွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း တွေ့ရှိရပါတယ်။

**မုန်တိုင်းဝင်ရောက်တိုက်ခတ် ခံရပါကပျက်စီးဆုံးရှုံးမှုများပြား**

မိမိတို့နိုင်ငံတွင် ရခိုင်ရိုးမ တောင်တန်းကြီးက ဘင်္ဂလား ပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှ ဖြစ်ပေါ်လာသော ဆိုင်ကလုန်းမုန်တိုင်းကြီးများကို တားဆီး ကာကွယ်ပေးထားသဖြင့် နိုင်ငံအတွင်းပိုင်းကို မုန်တိုင်းသက်ရောက်မှု နည်းပါးကြောင်း တွေ့ရှိရပါတယ်။ သို့သော် မြစ်ဝကျွန်းပေါ်ဒေသနဲ့ ရခိုင်ကမ်းရိုးတန်းရှိ မြေနိမ့်လွင်ပြင်ဒေသများမှာ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခံရပါက ပျက်စီးဆုံးရှုံးမှုများပြားကြောင်းတွေ့ရှိရပါတယ်။

**ရခိုင်ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးစည်ပင်ရာအရပ်ဌာန**

စစ်တွေမြို့ဟာ ကျွန်တော့်ရဲ့ မွေးဖွားရာ ဇာတိမြို့လေးဖြစ်ပြီး ရခိုင်ပြည်နယ်ရဲ့ ပင်မသွေးကြောလည်းဖြစ်သလို မြန်မာနိုင်ငံ စတင် တည်ထောင်ခဲ့စဉ်မှစ၍ ရခိုင်ယဉ်ကျေးမှုတို့ ဖွံ့ဖြိုးစည်ပင်ရာ အရပ်ဌာနလည်း ဖြစ်ပါတယ်။ အရှေ့ဘက်တွင် ကစ္ဆပနဒီ (ကုလားတန်မြစ်) ရဲ့ မြစ်ဝပိုင်းလက်ဝဲဘက်ကမ်းမှာ တည်ရှိပြီး မြို့ရဲ့တောင်ဘက်မှာ ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်မှာ မေယုမြစ်ဝ၊ မြောက်ဘက်မှာ မြစ်ဝနှစ်ခုကို ဆက်သွယ်ပေးသော ချောင်းများနဲ့ ရခိုင်ကမ်းခြေတွင် တောင်ကုန်း တောင်တန်းမရှိသော၊ သောင်ပြင်ကျယ်များရှိသော တစ်ခုတည်းသော မြို့လေးတစ်မြို့ ဖြစ်ပါတယ်။


**ဆိုင်ကလုန်းမုန်တိုင်းကြီးမိုခါ (MOCHA) နှင့် ကြုံတွေ့ရင်ဆိုင်**

ပင်လယ်ကမ်းခြေဒေသဖြစ်တဲ့ ကျွန်တော်တို့ မြို့လေးဟာ မိုးသက်မုန်တိုင်းအန္တရာယ်၊ ဒီရေလှိုင်းမြင့်တက်ခြင်း အန္တရာယ်များကို ကြုံတွေ့ရလေ့ ရှိပါတယ်။ ဆိုင်ကလုန်းမုန်တိုင်း (ကိုမန်)၊ (မာလာ)၊ (ဂီရိ) နှင့် (နာဂစ်) ကဲ့သို့ မုန်တိုင်းအန္တရာယ်များကို တွေ့ကြုံခဲ့ရတဲ့အနက် ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့တဲ့ နာဂစ် မုန်တိုင်းဟာ အပြင်းထန်ဆုံးဖြစ်ခဲ့ပြီး ပြည်သူပေါင်း တစ်သိန်းသုံးသောင်းကျော် အသက်ဆုံးရှုံးခဲ့ကာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂.၉ ဘီလီယံကျော် ပျက်စီး ဆုံးရှုံးခဲ့ရကြောင်း မှတ်သားခဲ့ ရပါတယ်။ ယခုတစ်ကြိမ်ကတော့ အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး မိုခါ (MOCHA) နဲ့ ကြုံတွေ့ရင်ဆိုင် ဖြတ်သန်းခဲ့ရခြင်း ဖြစ်ပါတယ်။


**တောင်တရုတ်ပင်လယ်ပြင်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်**

၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့ နေ့လယ်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ကြောင်း သတင်းများ ပေါ်ထွက်လာခဲ့ပါတယ်။ သတင်းများ ပေါ်ထွက်စဉ် တစ်ချိန်တည်းမှာပဲ တောင်တရုတ် ပင်လယ်ပြင်မှာ လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်လျက်ရှိကာ ၎င်းလေဖိအားနည်းရပ်ဝန်းနှစ်ခု အပြန်အလှန် အထောက်အပံ့ပြုခြင်း Fujiwhara Effect ဖြစ်ပေါ်လာပါက ပျက်စီးမှု ပိုမိုများပြားနိုင်ကြောင်း ကြားသိခဲ့ရပါတယ်။ အလွန် ကံကောင်းစွာနဲ့ပဲ ၎င်း တောင်တရုတ် ပင်လယ်ပြင်ရှိ လေဖိအားနည်း ရပ်ဝန်းဟာ မေလ ၁၀ ရက်နေ့မှာ ပျက်ပြယ်သွားခဲ့ပါတယ်။

စာမျက်နှာ ၁၁ သို့



ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA)
မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သည့် လမ်းကြောင်းပြပုံ။



ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA)

*စာမျက်နှာ ၁၀ မှ*

ယခုတိုက်ခတ်ခဲ့တဲ့ မိုခါ မုန်တိုင်း သတင်းကို မေလ ၄ ရက်နေ့မှာ စတင်ကြားသိခဲ့ရပြီး ချက်ချင်းဆိုသလို မေလ ၆ ရက် ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ အမိန့်အရ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးစီးပြီး အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ရာ အစိုးရအဖွဲ့ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ တက်ရောက်ခဲ့ကြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အပါအဝင် တိုင်းဒေသကြီး ဝန်ကြီးချုပ်များကလည်း Video Conferencing ဖြင့် တက်ရောက်ခဲ့ကြောင်း၊ အစည်းအဝေးမှာ **"မုန်တိုင်းနှင့် ပတ်သက်၍ အပိုင်း (၃) ပိုင်းဖြင့် ရင်ဆိုင်ဖြေရှင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမပိုင်းမှာ ကြိုတင်ပြင်ဆင်ခြင်း၊ ဒုတိယပိုင်းမှာ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တတိယပိုင်းမှာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း၊ ကာကွယ်တားဆီးခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနဲ့ ပြန်လည်ထူထောင်ခြင်းတို့ဟာ အရေးကြီးသကဲ့သို့ ပြည်သူလူထုများအနေနဲ့လည်း သဘာဝဘေးအန္တရာယ်ကို ကြိုတင်မျှော်တွေး ပြင်ဆင်ပြီး ကာကွယ်မှုနဲ့ အနိုင်ယူသွားကြရန် လိုအပ်ကြောင်း"** အသေးစိတ် ရှင်းလင်းတင်ပြခဲ့မှုကို မြဝတီ သတင်းမှာ ကြည့်ရှုခဲ့ရပါတယ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (၆-၅-၂၀၂၃ ရက်)

### မုန်တိုင်းမဖြစ်ပေါ်မီ စနစ်တကျစီစဉ်နိုင်ခဲ့

သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးနဲ့ ပတ်သက်၍ ကြိုတင် ပြင်ဆင်မှုများအား မေလ ၆ ရက်နေ့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီ သတင်းမှ ထုတ်ပြန်ပြီးနောက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ပြည်နယ်အစိုးရ အဖွဲ့များနဲ့ သက်ဆိုင်ရာဌာန အသီးသီးတို့မှ သဘာဝဘေး အန္တရာယ်ကာကွယ်ရေး ဇာတ်တိုက် လေ့ကျင့်မှုများ၊ ကယ်ဆယ်ရေးပစ္စည်းများနဲ့ အထောက်အကူပြုပစ္စည်းများ အသင့်ပြင်ဆင်ခြင်း စတဲ့လုပ်ဆောင်ရမယ့် လုပ်ငန်းဆောင်တာများကို မုန်တိုင်းမဖြစ်ပေါ်မီ ကိုးရက် ကြိုတင်၍ စနစ်တကျ အသေးစိတ် စီစဉ်နိုင်ခဲ့ကြောင်း တွေ့ခဲ့ရပါတယ်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မေလ ၉ ရက်မှာ သက်ဆိုင်ရာ ဌာနအသီးသီး ကိုယ်စားလှယ်များဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန (Disaster Management Centre – DMC) အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မုန်တိုင်းအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။ နိုင်ငံနဲ့ပြည်သူအတွက် ကျရောက်လာမည့် အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့ အချိန်မဆိုင်း စီမံဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ နိုင်ငံတော်အကြီးအကဲရဲ့စိတ်စေတနာ၊ မေတ္တာတရားတွေ ကိုလည်း စိတ်ထဲက တွေးမြင် ခံစားမိခဲ့ရပါတယ်။

*စာမျက်နှာ ၁၂ သို့*




ရခိုင်ပြည်နယ် သဘာဝဘေးကျရောက်သောဒေသများသို့ နိုင်ငံတော်မှစီမံပေးမှုဖြင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်မည့် တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။





ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို စစ်ဆေးစဉ်။




တောင်တရုတ်ပင်လယ်ပြင်၌ လေဖိအားနည်း ရပ်ဝန်း တစ်ခု ဖြစ်ပေါ်မှု။

*စာမျက်နှာ ၁၁ မှ*

မေလ ၆ ရက်နေ့မှစပြီး မုန်တိုင်းသတင်းကို ရုပ်မြင်သံကြားက နေ့စဉ်ဖော်ပြခဲ့သလို နီးကပ်လာတဲ့ မေလ ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက်တွေမှာလည်း သတိပေးချက်များ ဆက်တိုက်ထုတ်ပြန်ခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။ မေလ ၁၁ ရက်မှာတော့ မုန်တိုင်းဒီရေ အထူးသတိပေးချက်ထုတ်ပြန်ခဲ့ပြီး ရေလွှမ်းမိုးနိုင်မယ့်နေရာတွေကို တိကျစွာ ဖော်ပြပေးခဲ့တာ တွေ့ခဲ့ရပါတယ်။ အဲဒီနေရာတွေက လူတွေကို အချိန်မီ ရွှေ့ပြောင်းပေးနိုင်ခဲ့တာကြောင့် မုန်တိုင်းတိုက်ခတ်မှုခံခဲ့ရချိန်မှာ မတော်တဆမှုကြောင့်သာ အနည်းငယ်သေဆုံးခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။

**ဆိုင်ကလုန်းမုန်တိုင်းအခြေအနေ ၂၄ နာရီပတ်လုံး စောင့်ကြည့်**

နိုင်ငံတော် ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ မေလ ၁၂ ရက်နေ့ ည ၈ နာရီမှာ စစ်တွေ၊ ကျောက်ဖြူ၊ မောင်တော၊ ရသေ့တောင်၊ မာန်အောင်၊ မြေပုံ၊ ပေါက်တောမြို့နယ် ၇ ခုအား Red Alert ထုတ်ပြန်ခဲ့တာ တွေ့ခဲ့ရပြီး ရုပ်မြင်သံကြားများမှလည်း Breaking News များ အဆက်မပြတ် ထုတ်လွှင့်၍သတိပေးခဲ့တာ တွေ့ရပါတယ်။ ဖွဲ့စည်းထားတဲ့ Disaster Management Centre – DMC မှလည်း ဆိုင်ကလုန်းမုန်တိုင်း အခြေအနေကို ၂၄ နာရီပတ်လုံး စောင့်ကြည့်ပြီး ခန့်မှန်းမုန်တိုင်းလမ်းကြောင်းအရ သက်ရောက်နိုင်တဲ့မြို့တွေဖြစ်တဲ့ စစ်တွေ၊ ပေါက်တော၊ မောင်တော၊ ရသေ့တောင်၊ မြေပုံနှင့် ကျောက်ဖြူ၊ မာန်အောင်၊ သံတွဲ၊ ဂွ၊ ဟိုင်းကြီးဒေသများမှာ မုန်တိုင်းဒီရေ ၁၀ ပေမှ ၁၄ ပေခန့်အထိမြင့်တက်နိုင်မှုအခြေအနေအား အသေးစိတ်သတိပေးခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများက ပြည်သူလူထုထံသို့ နောက်ဆုံးရ သတင်းများကို တိုက်ရိုက် ရောက်ရှိစေဖို့ အသံချဲ့စက်တွေ၊ Hand Held Speaker တွေ အသုံးပြုပြီး ထပ်ဆင့်ချပြသတိပေးခဲ့တဲ့အတွက် အများပြည်သူအားလုံးကို မုန်တိုင်းသတိ၊ မုန်တိုင်းအသိများ ဖြန့်ဝေပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော် သတိပြုမိတာ တစ်ခုကတော့ မုန်တိုင်းသတင်း စတင်ကြားကတည်းက နိုင်ငံတော်အစိုးရ၊ ဒေသအာဏာပိုင်၊ ပြည်သူလူထုနဲ့ တပ်မတော်တို့ဟာ တစ်စိတ်တည်း၊ အာရုံတစ်ခုတည်း၊ သတိရှိရှိနဲ့ စနစ်တကျ ကြိုတင်ပြင်ဆင်ခဲ့တာပဲ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ဒီလိုအချိန်မှာ **မြန်မာနိုင်ငံသားတွေရဲ့ စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ် (Unity of Myanmar Spirit)** ကို ပီပီပြင်ပြင် မြင်တွေ့ခဲ့လိုက်ရပါတယ်။

**မြို့နယ် ၇ ခုကို မုန်တိုင်းဝင်နိုင်တဲ့ အနီရောင်အဆင့်ဒေသထုတ်ပြန်**

ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၇ ခုကို မုန်တိုင်းဝင်ရောက်နိုင်တဲ့ အနီရောင်အဆင့်ဒေသ Red Alert အဖြစ် သတင်းထုတ်ပြန်ခဲ့ပြီးနောက် ဒေသခံအစိုးရ၊ တာဝန်ရှိသူများနဲ့ တပ်မတော်မှ ပူးပေါင်းပြီး ပြည်သူများအား စတင်ရွှေ့ပြောင်းရန် Red Alert ကြေညာပြီး တစ်နာရီအတွင်း ဆော်သြခဲ့ပါတယ်။ ပြည်သူလူထုအား သတ်မှတ်ထားတဲ့ မုန်တိုင်းခိုလှုံမည့် Shelter နေရာများသို့ မြို့နယ်အလိုက် ဖွဲ့စည်းထားရှိသော မုန်တိုင်း ကယ်ဆယ်ရေးအဖွဲ့များ အကူအညီဖြင့် ပြောင်းရွှေ့ပေးခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ မြို့နယ်အလိုက် ဖွဲ့စည်းထားရှိပြီးသော အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များဟာ ဦးစားပေးအနေနဲ့ မြစ်ကမ်းဘေးတွင် နေထိုင်ကြတဲ့ သက်ကြီးရွယ်အို၊ ကျန်းမာရေးမကောင်းသောသူများနဲ့ ကလေးငယ်၊ ကိုယ်ဝန်ဆောင်မိခင်များကို Shelter များသို့ ရွှေ့ပြောင်းမှုများ ဆောင်ရွက်ခဲ့ကြပါတယ်။ Shelter များမှာလည်း ကယ်ဆယ်ရေးအဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့နဲ့ ကျန်းမာရေးအဖွဲ့များဖြင့် စနစ်တကျ ဖွဲ့စည်းထားပြီး ကူညီဆောင်ရွက်ပေးခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ပြည်သူလူထုအနေနဲ့လည်း မုန်တိုင်း ကြိုတင်သတိပေးချက်ရရှိသည့် အချိန်မှစ၍ ရေမျောပါ ပျက်စီးနိုင်သည့် ပစ္စည်းများအား ချည်နှောင်ထုပ်ပိုးခြင်း၊ ရွှေ့ပြောင်းခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ ရွှေ့ပြောင်းခြင်း၊ တန်ဖိုးရှိ ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများအား ထုပ်ပိုးသယ်ဆောင်ခြင်းတို့ကို တာဝန်သိစိတ်ဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ ပြည်သူလူထု၏ ရွှေ့ပြောင်းလုပ်ဆောင်မှုတွေကို တပ်မတော်မှ တပ်မတော်သား ကယ်ဆယ်ရေးတပ်ဖွဲ့များနဲ့ ကူညီဆောင်ရွက်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတော် အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်း၊ လူမှုကူညီရေးအသင်းများနဲ့ ပြည်သူများ အတူတကွ တွဲလက်ညီညီ ရွှေ့ပြောင်းလုပ်ဆောင်မှုများကြောင့် အချိန်တိုအတွင်း ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပြီးစီးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

**အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး အဖြစ် ရောက်ရှိ**

မျှော်လင့်ထားတဲ့ အတိုင်း အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး မိုခါ(MOCHA)ဟာ မေလ ၇ ရက် ၁၈၀၀ နာရီခန့်မှာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၊ နီကိုးဘားကျွန်း၏ အနောက်တောင်ဘက်မှာ လေစိုင်ခဲ (Tropical Disturbances) အဖြစ် စတင်ဖြစ်ပေါ်ခဲ့ပြီး မေလ ၈ ရက် ၀၀၃၀ နာရီခန့်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ် အိန္ဒိယနိုင်ငံ၊ ပို့ဘလဲယားမြို့ရဲ့ တောင်ဘက် ၃၄၀ မိုင်ခန့်အကွာတွင် လည်းကောင်း၊ မေလ ၉ ရက် ၂၁၃၀ နာရီခန့်တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့လည်းကောင်း၊ မေလ ၁၀ ရက် ၁၀၃၀ နာရီခန့်တွင် အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့ လည်းကောင်း၊ မေလ ၁၁ ရက် ၀၆၃၀ နာရီခန့်တွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အဖြစ်သို့လည်း ကောင်း၊ မေလ ၁၂ ရက် ၀၉၃၀ နာရီခန့်တွင် အားအလွန် ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Very Severe Cyclonic Storm) အဖြစ်သို့ လည်းကောင်း၊ မေလ ၁၃ ရက်နေ့ နံနက် ၀၃၃၀ အချိန်ခန့်တွင်အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်းကြီး (Extremely Severe Cyclonic Storm) အဖြစ်သို့လည်းကောင်း ရောက်ရှိ၍ မေလ ၁၄ ရက် ၁၂၃၀ နာရီခန့်တွင် ကမ်းရိုးတန်းနှင့် စတင် ထိတွေ့ခဲ့ကာ စစ်တွေမြို့၏ အနောက်မြောက်ဘက် ကျောက်ပန္နူအနီးမှ ဖြတ်ကျော်ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ် အရှေ့မြောက်ဘက်သို့ ဖြတ်သန်း ဝင်ရောက်ခဲ့ပါတယ်။

*စာမျက်နှာ ၁၃ သို့*




ရခိုင်ပြည်နယ် သဘာဝဘေးကျရောက်သောဒေသများ၌ အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို စစ်ဆေးစဉ်။




သဘာဝဘေးသင့်ဒေသမှ ပြည်သူများကို ကူညီရွှေ့ပြောင်းပေးစဉ်။



သဘာဝဘေးသင့်ဒေသမှ ပြည်သူများကို ကူညီရွှေ့ပြောင်းပေးစဉ်။



မုန်တိုင်းရှောင်ပြည်သူများကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေး ကျင်းပပြုလုပ်စဉ်။ (၁၅-၅-၂၀၂၃ ရက်)

*စာမျက်နှာ ၁၂ မှ*

ကျွန်တော်တို့ စစ်တွေမြို့ဟာ မုန်တိုင်း ဝင်ရောက်ရာလမ်းကြောင်းရဲ့ ယာဘက် **"အန္တရာယ်ရှိသော စက်ဝိုင်းခြမ်း"** (Dangerous Semicircle) အတွင်း ကျရောက်နေတဲ့အတွက် မုန်တိုင်းဒဏ်ကို ပိုမိုခံစားခဲ့ရပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းရဲ့ First Track အဖြစ် လေတိုက်နှုန်း မိုင် ၆၀ မှ စတင်ကာ မိုင် ၁၀၀ နှုန်းအထိ တစ်နာရီကြာ တိုက်ခတ်ခဲ့ပါတယ်။ အဲဒီနောက် မိုင် ၁၃၀ နှုန်းရှိတဲ့ ဆောင့်တိုက်လေ (Gust Wind) တိုက်ခတ်မှုကို ခံခဲ့ရပါတယ်။ မုန်တိုင်းဖြတ်သန်း တိုက်ခတ်ချိန်ဟာ ရေသေရက် ရေကျချိန်ဖြစ်တာကြောင့် မုန်တိုင်းဒီရေအမြင့်ဟာ ၃ ပေမှ ၄ ပေအထိသာ မြင့်တက်ခဲ့တာ တွေ့ရှိရပါတယ်။ မုန်တိုင်းကျရောက်ချိန်မှာ နိုင်ငံတော်အစိုးရ၊ ဒေသအာဏာပိုင်၊ ပြည်သူလူထုနဲ့ တပ်မတော်တို့ဟာ ညီညွတ်စွာ ကြိုတင်ပြင်ဆင်နိုင်ခဲ့တဲ့အပြင် ကျွန်တော်တို့အတွက် **ကံကောင်းစေတဲ့ အချက် ၃ ချက်ရှိခဲ့ပါတယ်။ ပထမအချက်ကတော့ ကျွန်တော်တို့ ပြည်သူအများစုမှာ မုန်တိုင်းခိုလှုံမည့် Shelter များသို့ ရောက်ရှိနေခဲ့ခြင်း၊ ဒုတိယအချက်ကတော့ ရေသေရက် ရေကျချိန်ဖြစ်ခြင်း၊ တတိယအချက်ကတော့ မုန်တိုင်း ကမ်းသို့ဝင်ရောက်ချိန်မှာ ရေစစ်ချိန်ဖြစ်တဲ့အတွက် မုန်တိုင်းဒီရေ တက်ရောက်မှု (Storm Surge) လျော့ကျစေခြင်း စတဲ့အချက်တွေကြောင့် ကျွန်တော်တို့အားလုံး ထိခိုက်မှုဒဏ်သက်သာစေခဲ့တာပဲ ဖြစ်ပါတယ်။** မုန်တိုင်းဒီရေများဟာ ညနေပိုင်းမှာ တဖြည်းဖြည်း ပြန်လည်ကျဆင်းသွားတာ တွေ့ခဲ့ရပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် က မုန်တိုင်းတိုက်ခတ်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (၁၅-၅-၂၀၂၃ ရက်)

စတင် သတင်းရရှိချိန်မှ မုန်တိုင်း ပြီးဆုံးပျက်ပြယ်သည့်အချိန်ထိ မုန်တိုင်းသတင်းနှင့် ပတ်သက်ပြီး မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနနဲ့ တပ်မတော် (ရေ) တို့မှ ကျွမ်းကျင်ပညာရှင်များက သတင်း (News)၊ သတိပေးချက် (Warning) များအား ထုတ်ပြန် ပေးခဲ့တာကြောင့် ပြည်သူများရဲ့ အသိစိတ်ကို ပိုမိုနိုးကြားစေခဲ့ပြီး ထိခိုက်ပျက်စီးမှုကို လျော့ပါးစေခဲ့ခြင်း ဖြစ်ပါတယ်။ မုန်တိုင်း စတင်ဖြစ်ပွားသည်နှင့် မုန်တိုင်းလားရာဟာ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်မည့် အခြေအနေရှိသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ် အစည်းအဝေးအား ကျင်းပပြုလုပ်ခဲ့ပါတယ်။ မုန်တိုင်းဖြစ်ပြီး နောက်တစ်ရက်မှာ နိုင်ငံတော် အကြီးအကဲရဲ့ ပထမဆုံးအမိန့်ဟာ လေယာဉ်ကွင်းတွေကို အရင်ဆုံး ရှင်းလင်းပြီး လေယာဉ်ဆင်းနိုင်အောင် ဆောင်ရွက်ဖို့ မှာကြားခဲ့ပြီးနောက် ၂ နာရီအကြာ မေလ ၁၅ ရက်နေ့ နံနက် ၁၁ နာရီတွင် တပ်မတော် (လေ) မှ Y-8 လေယာဉ်များ စစ်တွေလေယာဉ်ကွင်းကို စတင်ဆင်းသက်ခဲ့ပါတယ်။ ထိုနေ့မှာပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနဲ့ အဖွဲ့ စီးနင်းလိုက်ပါတဲ့လေယာဉ် ဆင်းသက်ခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းများ ပို့ဆောင်သည့် လေယာဉ်များ၊ စီမံခန့်ခွဲရေး လုပ်ငန်း ဆောင်ရွက်မည့် လေယာဉ်များ အဆက်မပြတ် ရောက်ရှိလာသည်ကို စိတ်အားတက်ကြွဖွယ် မြင်တွေ့ခဲ့ရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ စစ်တွေမြို့သို့ ရောက်ရှိစဉ် **"နိုင်ငံသူ နိုင်ငံသားအားလုံး မည်သူ တစ်ဦး တစ်ယောက်မျှ ကျန်ရှိမှုမရှိစေဘဲ ကယ်ဆယ်ကူညီဆောင်ရွက်ပေးသွားရန်"** လမ်းညွှန်မှာကြားခဲ့တဲ့အတွက် စိုးရိမ်ပူပန်မှုများနဲ့ ဗျာများနေကြတဲ့ ကျွန်တော်တို့ ပြည်သူတွေအဖို့ ခွန်အားသစ်များ ဖြစ်ပွား ပေါ်ပေါက်ခဲ့ရပါတယ်။

*စာမျက်နှာ ၁၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့အတွင်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့မှုများကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၁၃ မှ*

မည်သည့်နိုင်ငံ၊ မည်သည့်နေရာဒေသမှာမဆို ယခုလို အလွန့်အလွန် အားကောင်းသော မုန်တိုင်း မိုင် ၁၀၀ ကျော် တိုက်ခတ်မည်ဆိုပါက မိုးကြီးခြင်း၊ ဒီရေတက်ခြင်း၊ လေတိုက်နှုန်း မြင့်မားခြင်းတို့ကြောင့် အဆောက်အဦများ အမိုးလန်ပျက်စီးခြင်း၊ ရေဝင်နစ်မြုပ်ပျက်စီးခြင်း၊ ခိုင်ခံ့မှု မရှိသော အဆောက်အဦများ ပြိုလဲပျက်စီးခြင်းတို့ဟာ မုန်တိုင်းကြောင့် ဖြစ်ပေါ်လေ့ရှိတဲ့ အခြေအနေများ ဖြစ်ပါတယ်။ ယခုလို မိုခါမုန်တိုင်း အန္တရာယ် ကြုံတွေ့ရချိန်မှာ နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူလူထုတို့ ဟန်ချက်ညီညီ ကြိုတင်စုပေါင်းပြင်ဆင်ဆောင်ရွက်နိုင်ခဲ့တာကြောင့် မုန်တိုင်းတိုက်ခတ်မှု ပြင်းထန်သော်လည်း တန်ဖိုးရှိသော လူ့အသက်များစွာ ထိခိုက်သေဆုံးမှုများ မဖြစ်ပေါ်စေခဲ့ဘဲ မတော်တဆမှုကြောင့်သာ အနည်းငယ် ထိခိုက်သေဆုံးမှုနဲ့ ပျက်စီးဆုံးရှုံးမှုများသာ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဆောက်အဦ ပစ္စည်းများသာ ဆုံးရှုံးခဲ့ပြီး တန်ဖိုးရှိသော လူ့အသက်များ ဆုံးရှုံးမှု အနည်းဆုံးဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ယခုလို မုန်တိုင်းအန္တရာယ် ထိထိရောက်ရောက် ကာကွယ်နိုင်ခဲ့ခြင်းဟာ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ အစိုးရဝန်ထမ်းများနဲ့ ပြည်သူလူထုအားလုံးရဲ့ စုပေါင်းစွမ်းအားနဲ့ ဆောင်ရွက်နိုင်ခဲ့တဲ့ရလဒ် ထင်ရှားသော ဥပမာတစ်ရပ်ဖြစ်ပြီး အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့တဲ့ စံပြ Model တစ်ခု ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း မုန်တိုင်းဖြတ်သန်း တိုက်ခတ်ရာတွင် သက်ရောက်နိုင်သည့် ကိုကိုးကျွန်းအပါအဝင် မြန်မာနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသများအား မုန်တိုင်းမဖြတ်သန်းမီ၊ ဖြတ်သန်းချိန်နှင့် ဖြတ်သန်းပြီးချိန်တို့၌ ဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်များ တပ်ဆင်ပေးခြင်း၊ ရွေ့လျားဆက်သွယ်မှု စနစ်များ စီစဉ်ပေးခြင်းနဲ့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများအတွက် လိုအပ်သည်များအား ဌာနဆိုင်ရာများသို့ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့တာကို တွေ့ရှိရပါတယ်။




ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA)သတင်းနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် သတင်းသက်သက် ထုတ်ပြန်ခြင်းမျိုး မဟုတ်ဘဲ သတိပေးချက် (Warning)အဖြစ်ပါ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိခဲ့ရပြီး မုန်တိုင်းသတိပေးချက်များအား မြို့/ရွာများအလိုက် တိတိကျကျ အသေးစိတ်ထုတ်ပြန်ပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။သတိပေးချက်များကိုလည်း လိမ္မော်ရောင် (မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်လာနေခြင်း)၊ အနီရောင် (မြန်မာ့ကမ်းရိုးတန်းသို့ ရွေ့လျားလာပြီး မုန်တိုင်းမဖြတ်ကျော်မီ ၁၂ နာရီအလို) စသည်ဖြင့် အဆင့်ဆင့်ခွဲခြား သတ်မှတ်ထုတ်ပြန်ပေးခဲ့တာကို တွေ့ရှိရပါတယ်။ မေလ ၁၃ ရက် ၁၂၃၀ နာရီတွင် DMC မှလည်း ဆိုင်ကလုန်းမုန်တိုင်း ကျရောက်နိုင်သည့် မြန်မာ့ပင်လယ်ပြင်သို့ မည်သည့်ရေယာဉ်မှ မထွက်ခွာရန် တင်းကျပ်စွာ သတိပေးထုတ်ပြန်ခဲ့တဲ့အတွက် အဆိုပါအမိန့်ရဲ့ တည်မြဲမှုအရ ပြည်သူလူထု၊ ရေလုပ်သားများနဲ့ ရေယာဉ်များကလည်း Awareness ရှိစွာ လိုက်ပါ ကြိုတင်ပြင်ဆင်လုပ်ဆောင်နိုင်ခဲ့မှု များကြောင့် လူ၊ ရေယာဉ် ထိခိုက်ပျက်စီးနစ်မြုပ်မှုမရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

မုန်တိုင်းမဖြစ်မီ တစ်ရက်အလို မေလ ၁၃ ရက်နေ့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး အထက်ဌာပနာတော် သွင်းလှူပူဇော်ခြင်း၊ ရွှေထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားဧည့်သည်တော် မှတ်တမ်းတွင် နိုင်ငံတော်အကြီးအကဲက **“ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ထာဝရထွန်းလင်း တောက်ပတည်တံ့ခိုင်မြဲပါစေ… မြန်မာနိုင်ငံတော်ကြီး အေးချမ်းပါစေ… သာယာဝပြောပါစေ… စားရေရိက္ခာပေါများပါစေ… နိုင်ငံသူနိုင်ငံသားအားလုံး ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ကြပါစေ…”** လို့ ရေးသားခဲ့တာဟာ မြန်မာနိုင်ငံတော်ရဲ့ ရှေ့ပြေးနိမိတ်ဆုတောင်းလို့တောင် ဆိုနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ ပြုသမျှကုသိုလ်တိုင်းဟာ တိုင်းပြည်နဲ့ ပြည်သူလူထုအတွက်ဖြစ်နေကြောင်း အထင်အရှားတွေ့ရပါတယ်။ အဲဒီလို ကောင်းမှုကုသိုလ်တွေနဲ့ မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှုတွေကြောင့် ထိခိုက်သေဆုံးမှုအနည်းဆုံးနဲ့ ပျက်စီးဆုံးရှုံးမှုကို လျော့ပါးစေခဲ့တယ်လို့ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ခံယူယုံကြည်မိပါတယ်။

နိုင်ငံတော် ဝန်ကြီးချုပ်က မိုခါ (MOCHA) မုန်တိုင်းရဲ့ တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အဦများ၊ ဆက်သွယ်ရေး တာဝါတိုင်များ၊ လျှပ်စစ်မီးတိုင်များ၊ သစ်ပင်ပန်းမန်များနဲ့ ပတ်သက်၍ **“ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း”** ပြောကြားခဲ့တဲ့အတွက် စနစ်တကျ ပြန်လည်တည်ဆောက်ပြီးဖြစ်မည့် လမ်းများ၊ တံတားများ၊ သစ်ပင်ပန်းမန်များ၊ အဆောက်အဦများဟာ

*စာမျက်နှာ ၁၅ သို့*





အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။





*စာမျက်နှာ ၁၄ မှ*

စစ်တွေမြို့ရဲ့ ကျက်သရေဆောင် လောကာနန္ဒာ စေတီတော်မြတ်ကြီးနဲ့အတူ တင့်တယ်လှပနေမယ့် အနာဂတ် စစ်တွေမြို့ရဲ့ မြင်ကွင်းကို စိတ်ကူးပုံဖော်ကြည့်မိပါတယ်။ အခုလို မုန်တိုင်း မိုင် ၁၃၀ ကျော်အထိ တိုက်ခတ်ခဲ့ပေမယ့် လောကာနန္ဒာစေတီတော်ကြီး မထိခိုက်ခဲ့တဲ့အတွက် ကြည်နူးမိသလို ဘေးဒုက္ခရောက်နေစဉ်အတွင်းမှာ ညစဉ်ဖူးမြော်ဆုတောင်းခွင့် ရရှိနေခြင်းဟာလည်း ကြီးမားတဲ့စိတ်ခွန်အားကို ရရှိစေခဲ့ပါတယ်။

**တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိသည်**

ယခုကြုံတွေ့ခဲ့ရတဲ့ Extremely Severe Cyclonic Strom မိုခါမုန်တိုင်းရဲ့ ပြင်းအားကြောင့် ထိခိုက်ပျက်စီးနိုင်မှုဟာ Global Disaster Alert and Coordination System–GDACS ၏ ထုတ်ပြန်ခန့်မှန်းချက်အရ လူဦးရေ ၁.၇၅ သန်းခန့်အား ဘေးအန္တရာယ် ကျရောက်နိုင်ကြောင်း ထုတ်ပြန်ထားပြီး အချို့သော ပြည်ပမီဒီယာများကလည်းပြည်သူလူထုသန်းပေါင်းများစွာ ဘေးအန္တရာယ် ကျရောက်လိမ့်မယ်ဆိုပြီး သတင်းများ ထုတ်ပြန်ခဲ့ကြပါတယ်။ တကယ်တမ်း မုန်တိုင်းနဲ့ ပတ်သက်ပြီး မတိုင်မီကြိုတင်ပြင်ဆင်မှုများ၊ ဖြစ်ပွားချိန် ကူညီပေးမှုများနဲ့ မုန်တိုင်းပြီးချိန် ပြန်လည်ထူထောင်မှုများကို လက်တွေ့ဆောင်ရွက်ပေးခဲ့သူများမှာ ကျွန်တော်တို့အစိုးရနဲ့ ပြည်သူတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့တဲ့ **"တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာ ရှိသည်"** ဆိုတဲ့ စကားဟာ ထာဝရအမှန်တရား ဖြစ်ကြောင်း ကျွန်တော်တို့ အပြည့်အဝ ထောက်ခံပါတယ်။

မုန်တိုင်းတိုက်ခတ်ပြီးချိန်မှာ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူများက ထိခိုက်ပျက်စီးမှုအခြေအနေများနဲ့ လိုအပ်ချက်များကို သုံးသပ်တွက်ချက်ပြီး အသင့်ပြင်ဆင် စီမံထားတဲ့အတိုင်း အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်မှ စစ်ရေယာဉ်များ၊ လေယာဉ်များနဲ့ ပို့ဆောင်ပေးခြင်း၊ ဒေသအလိုက်ကြိုတင်စုဖွဲ့ထားသော ကူညီကယ်ဆယ်ရေး တပ်ဖွဲ့များနဲ့ အပျက်အစီးများ ဖယ်ရှားခြင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို နှောင့်နှေးခြင်းမရှိ အချိန်မဆိုင်းဘဲ ချက်ချင်းလုပ်ဆောင်ပေးခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဒ့ါပြင် ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်၌ မုန်တိုင်းဒဏ်သင့်ခဲ့ကြတဲ့ ပြည်သူများကို ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နံနက် ၉ နာရီတွင် အလှူငွေများ လက်ခံမည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ပြီး နံနက် ၁၁ နာရီတွင် အလှူငွေ လက်ခံပွဲ အခမ်းအနား ကျင်းပခဲ့ပါတယ်။ တိုတောင်းတဲ့အချိန် နှစ်နာရီအတွင်း စုစုပေါင်းအလှူငွေ ကျပ်သိန်းပေါင်း ၁၃၁၈၁၀ သိန်း လာရောက် လှူဒါန်းခဲ့တာကို အံ့သြဖွယ်တွေ့ရှိခဲ့ရပြီး ဒါဟာ ဆိုရင် အချက်နှစ်ချက်ကို ပြသလျက်ရှိပါတယ်။ **ပထမအချက်အနေနဲ့ ၂၀၂၁ ခုနှစ်တွင် အကြောင်း အမျိုးမျိုးကြောင့် ကုန်ထုတ်လုပ်မှုများ ထိခိုက်ပြီး**

*စာမျက်နှာ ၁၆ သို့*
















ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးမှု၊ ကူညီကယ်ဆယ်ရေးနှင့် ရှင်းလင်းရေး ဆောင်ရွက်မှုများကို တွေ့ရစဉ်။

*စာမျက်နှာ ၁၅ မှ*

**စီးပွားရေးကျဆင်းခဲ့ရတဲ့ အခြေအနေရှိခဲ့ရာမှ ယခုအချိန်မှာတော့ ကြိုးစား အားထုတ်မှုများကြောင့် စီးပွားရေးနာလန်ထ ဦးမော့လာတာကို ပြသတဲ့အချက် တစ်ချက်ပဲ ဖြစ်ပါတယ်။ ဒုတိယအချက် အနေနဲ့ကတော့ မြန်မာလူမျိုးများရဲ့ အံ့ဩဖွယ်ကောင်းတဲ့ စေတနာ သဒ္ဓါတရား ထက်သန်ခြင်းကို ဖော်ညွှန်းနေတာပဲ ဖြစ်ပါတယ်။** ဒီအချိန်မှာ **"အရေးကြီးရင် သွေးနီးတယ်"** ဆိုတဲ့ စကားပုံအတိုင်း တစ်မြေတည်းနေ တစ်ရေတည်း သောက်တဲ့ ကျွန်တော်တို့ ပြည်သူတွေကပဲ ဒုက္ခခံစားနေရတဲ့ ညီအစ်ကိုတွေကို စေတနာအပြည့်နဲ့ ကူညီပေးခဲ့တာ အထင်အရှား တွေ့မြင်ရမှာဖြစ်ပါတယ်။ တိုတောင်းလှတဲ့ အချိန်ကာလအတွင်းမှာ သဒ္ဓါတရားအပြည့်နဲ့ အများဆုံးလှူဒါန်းခဲ့တဲ့ သမိုင်းဝင် အလှူပွဲတစ်ခုလို့လဲ ဆိုနိုင်ပါတယ်။ ယနေ့အချိန်ထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ အလှူငွေများနဲ့ ထူထောင်ရေးပစ္စည်းများ ဆက်လက်လှူဒါန်းနေတာကို ဝမ်းသာကြည်နူးဖွယ် တွေ့မြင် ကြားသိနေရပါတယ်။ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်တဲ့ စားသောက်ကုန်များ၊ ဆေးဝါးများ၊ လူသုံးကုန်များ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းပြင်ဆင်ရေးပစ္စည်းများ၊ စက်သုံးဆီ စတဲ့ ကူညီထောက်ပံ့ရေးပစ္စည်းများအား တပ်မတော် စစ်ရေယာဉ်၊ လေယာဉ်များနဲ့ ပို့ဆောင်လျက်ရှိတာကို တွေ့နေရပါတယ်။ ဒ့ါအပြင် ဌာနဆိုင်ရာအလိုက် ကျွမ်းကျင်ပညာရှင်များ၊ မီးသတ်တပ်ဖွဲ့နဲ့ ပရဟိတ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ တပ်မတော်မှ ကြိုတင်စုဖွဲ့ထားသော ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ အင်ဂျင်နီယာတပ်ဖွဲ့များ၊ ဆေးကုသရေးအဖွဲ့များ၊ ထောက်ပံ့ရေးအဖွဲ့များလည်း ရောက်ရှိပြီး ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများက ဒုတိယဝန်ကြီးချုပ် အပါအဝင် ပြည်ထောင်စုဝန်ကြီးများ ကိုယ်တိုင်ရောက်ရှိနေပြီး ရခိုင်ပြည်နယ်တစ်လွှား ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင် နေတာကိုလည်း အားတက်ဖွယ် တွေ့မြင်နေရပါတယ်။ ဒါတွေဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရဲ့ အမြော်အမြင်ကြီးမားမှု၊ ကြိုတင်မျှော်တွေးပြင်ဆင်နိုင်မှု၊ ကြီးကြပ်ကွပ်ကဲမှုတို့နဲ့ စိတ်စေတနာ မှန်ကန်မှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး ဒီလိုမုန်တိုင်း ဖြတ်ကျော်ခဲ့တဲ့ စိတ်ဓာတ်မျိုးနဲ့သာ ဆောင်ရွက်မယ်ဆိုရင် ဘယ်လိုအန္တရာယ်မျိုးကိုမဆို ကြံ့ကြံ့ခံ တွန်းလှန်ကျော်လွှားနိုင်မှာ ဖြစ်တယ်လို့လည်း အပြည့်အဝယုံကြည်မိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်တွေမြို့နေ ပြည်သူများအား မိဘသဖွယ်၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်းဖြင့် ကြိုတင်ပြင်ဆင်မှုများအား ဆောင်ရွက်နိုင်ခဲ့တဲ့ အတွက် ပြည်သူလူထုများ ထိခိုက်သေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှု လျော့ပါးခဲ့ရပြီး အားဖြစ်စေခဲ့ရပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့လည်း နေ့စဉ် ၂၄ နာရီ ပတ်လုံးမုန်တိုင်းလားရာများအား အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်ခဲ့ခြင်း၊ ယခုမုန်တိုင်းပြီးဆုံးချိန်မှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရောက်ရှိပြီး မေလ ၁၅ ရက်နေ့မှစ၍ နေ့စဉ် တပ်မတော်က စစ်ရေယာဉ်၊ လေယာဉ်များဖြင့် လူးလားခေါက်ပြန် ဆောင်ရွက်နေခြင်း၊ တာဝန်ရှိသူတွေရဲ့ စေတနာ၊ ဝီရိယရှိမှုနဲ့ ပြည်သူလူထုအပေါ် အလေးထားခြင်းတို့ဟာ အလွန်ပဲ အသိအမှတ်ပြု ချီးကျူးမှတ်တမ်းတင်ဖွယ်ရာများ ဖြစ်ပါတယ်။

ပျက်စီး ဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရာတွင် အဓိကအင်အားမှာ စွမ်းအားရှိသော လူသားများပင် ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူလူထုအပေါ် မိဘသဖွယ်စိတ် ထားရှိပြီး တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုမှလည်း တစ်စိတ်တစ်ဝမ်း၊ တညီတညွတ်တည်းနဲ့ ကြုံတွေ့ခဲ့ရတဲ့ မိုင် ၁၃၀ ကျော် တိုက်ခတ်သည့် မိုခါမုန်တိုင်းအန္တရာယ်ကို ကိုယ့်အင်ကိုယ့်အားနဲ့ ရင်ဆိုင်နိုင်ခဲ့ကြောင်း သက်သေပြခဲ့ကြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍ မရဘဲ ရင်ဆိုင်သွားကြရမှာ ဖြစ်ပြီး ရင်ဆိုင်ချိန်မှ ရရှိလိုက်တဲ့ စိတ်ဓာတ်နဲ့ အတွေ့အကြုံများဟာ လွန်စွာ အရေးကြီးလှပါတယ်။ မြို့၊ ရွာ၊ ပိုင်ဆိုင်မှုပစ္စည်းများဟာ လူသားများက ဖန်တီးထားတဲ့ သက်မဲ့အရာများဖြစ်ပြီး ၎င်းတို့ကို စီမံခန့်ခွဲရတဲ့ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ရဲ့ စိတ်ဓာတ်များမှာ လွန်စွာအရေးကြီးလှပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိကြောင်း"** မကြာခဏဆိုသလို လမ်းညွှန်ခဲ့တာကိုလည်း ကြားသိခဲ့ရပါတယ်။ အနာဂတ်ကာလတွေမှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဦးဆောင်မှုနဲ့ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် အရေးကြီးသော ကိစ္စရပ်များ၊ ဘေးအန္တရာယ်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်မည် ဖြစ်ကြောင်း၊ အန္တရာယ်ကျရောက်ချိန် **"Unity is strength, when there is team work and collaboration, wonderful things can be achieved"** ဆိုတဲ့အတိုင်း မည်သည့်အန္တရာယ်ကိုမဆို ညီညွတ်သော စုပေါင်းအင်အားဖြင့် တွန်းလှန်ကျော်လွှားနိုင်ကြောင်းကို မျက်ဝါးထင်ထင် ကိုယ်တိုင် တွေ့မြင်ခံစားသိရှိခဲ့ရတဲ့အပြင် **မိုခါ (MOCHA) က ပေးလိုက်တဲ့ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်စေခဲ့တဲ့ မြန်မာ့စွမ်းအား** နဲ့ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ အရှိန်အဟုန်ဖြင့် အစွမ်းကုန် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်း ဂုဏ်ပြု ရေးသားလိုက်ရပါတယ်။ ။












ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား တပ်မတော်(ရေ) စစ်ရေယာဉ်များ၊ တပ်မတော်(လေ) လေယာဉ်များဖြင့် ပို့ဆောင်ရန် ဆောင်ရွက်နေမှုများကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် မိုခါမုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် စစ်တွေမြို့၌ သဘာဝဘေးအန္တရာယ် မိုခါမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးခြင်း ပျက်စီးခဲ့မှုများမှ ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်နေမှု၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျွမ်းကျင်ဝန်ထမ်းများနှင့် ပစ္စည်းများရောက်ရှိနေမှုနှင့် ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ စစ်တွေဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် မုတ္တမစစ်ရေယာဉ်နှင့်အတူ ရောက်ရှိလာသော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ပြင်ဆင်ရန် ကျွမ်းကျင်ဝန်ထမ်း ၁၀၄ ဦး၊ မီးစက်များနှင့် စက်သုံးဆီများရောက်ရှိမှုတို့ကို သွားရောက်ကြည့်ရှုကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့/အနောက်)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ရောက်ရှိလာသည့် ကျွမ်းကျင်ဝန်ထမ်း ၁၆၄ ဦးကို ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ တွေ့ဆုံပြီး လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ မှာကြားကာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးချုပ်များ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

ယင်းနောက် စစ်တွေမြို့ မေယုလမ်းမကြီး တစ်လျှောက်(စာတိုက်မှ နာရီစင်အထိနှင့် လောကာနန္ဒာဘုရားမှ လေယာဉ်ကွင်းလမ်းဆုံအထိ) ဖြန့်ဖြူးရေးဓာတ်အားလိုင်း ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက်သို့ သွားရောက်ကာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများ တည်းခိုနေထိုင်မည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ် (၁)ရှိ လေဘေးကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများ၊ ပစ္စည်းသိုလှောင်ရေးအဆောက်အဦများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး မှာကြားကာ ဝန်ထမ်းများနှင့် မိသားစုများကို အားပေးစကားပြောကြားပြီး ဆတ်ရိုးကျတံတားနှင့် စစ်တွေ View Point အထိ ပျက်စီးဆုံးရှုံးမှုများ ပြင်ဆင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့သို့ ဓာတ်အားပေးထားသည့် ၆၆ ကေဗွီ ဓာတ်အားလိုင်းအမှတ်(၁)ရှိ ပြိုကျပျက်စီးနေသည့် တာဝါတိုင်အမှတ်(၄၂၁) အားဖြုတ်သိမ်းခြင်း၊ ပြုပြင်ခြင်းများဆောင်ရွက်နေခြင်းကို ကြည့်ရှုစစ်ဆေးကာ မေယုလမ်းမကြီးအတိုင်း အစိုးရရိပ်သာမှ လောကာနန္ဒာဘုရားအထိနှင့် လေယာဉ်ကွင်းလမ်းဆုံမှလေယာဉ်ကွင်းအထိ ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းအင်အား ၁၀၂၀ ဖြင့် စစ်တွေ၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်းဒေသများတွင် အခြေပြု၍ အသီးသီးဖြန့်ခွဲကာ ရခိုင်ပြည်နယ်မြောက်ပိုင်းအတွင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍လည်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၂၀၉ ဦး ထပ်မံစေလွှတ်လျက်ရှိပြီး မေလကုန်၊ ဇွန်လဆန်းပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသသို့ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ အလားတူ ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီပြုပြင် ပြင်ဆင်နိုင်ရန်အတွက် ထပ်မံလိုအပ်လျက်ရှိသော ကရိန်းယာဉ် လေးစီး၊ အုပ်ချုပ်မှုနှင့် လုပ်ငန်းသုံးယာဉ် ရှစ်စီး၊ ၁၂ မီတာ ကွန်ကရစ်တိုင် ၇၀၀၊ ၁၅ မီတာ ကွန်ကရစ်တိုင် ၂၅၀၊ ၁၈ မီတာ ကွန်ကရစ်တိုင် ၅၀ နှင့် တာဝါသံပေါင်နှင့်ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းသုံးဆက်စပ်ပစ္စည်း ၆၀၇ တန်အား တပ်မတော်ရေယာဉ်၊ သင်္ဘောနှင့်မော်တော်ယာဉ် အသီးသီးဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး လိုအပ်လျက်ရှိသော ပစ္စည်းများကိုလည်း ဆက်လက်ပို့ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် စစ်တွေမြို့ ဘိုးဘွားရိပ်သာ၊ ကလေးပြုစုရေးဌာနနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၁၈**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ ရိပ်သာတွင်နေထိုင်လျက်ရှိသော ဘိုးဘွားများအား ဂါရဝပြုနှုတ်ဆက်သည်။



ထို့နောက် ဘိုးဘွားများ၏ စားသောက်နေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘိုးဘွားများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ ဘိုးဘွားရိပ်သာမွမ်းမံပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ကြီးဌာနမှ ထောက်ပံ့သည့် လျှုဒါန်းငွေကျပ် ၁၀ သိန်းကို ရိပ်သာကြီးကြပ်ရေးမှူးထံ ပေးအပ်သည်။ (ဝဲပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ ကလေးပြုစုရေးဌာန၌ ကလေးငယ်များကို တွေ့ဆုံနှုတ်ဆက် အားပေးကာ မုန့်များဝေငှ၍ ကလေးငယ်များ လတ်တလော စားသောက်နေထိုင်မှု အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်အချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အမိုးလန်ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားကာ လတ်တလောကာလအတွင်း ဝန်ထမ်းမိသားစုများ စားသောက်နေထိုင်မှု အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများ၊ လုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး အားထုတ်ကြိုးပမ်းရမည့် အချက်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုန်တိုင်းဒဏ်ကြောင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် စစ်တွေမြို့ ပြည်နယ်သိုလှောင်ရုံ ထိခိုက်ပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ထောက်ပံ့ရေးပစ္စည်းများ အလေအလွင့်မရှိစေရေး၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အစီအစဉ်ဖြင့် သတ်မှတ်နေရာများသို့ အမြန်ဆုံး ဖြန့်ခွဲပို့ဆောင်နိုင်ရေး၊ စာရင်းဇယားများ စနစ်တကျမှတ်တမ်းတင်ထားရှိရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၌ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေးလျက် ရှိကြောင်း သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ပေးလျက်ရှိပြီး နေပြည်တော်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲ(လယ်ဝေး)၊ ခရိုင်ဘဏ်ခွဲ(ပုဗ္ဗသီရိ)၊ ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ် ဘဏ်ခွဲလေးခုတို့မှ တောင်သူဦးကြီးများအား ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၈ ရက်မှ စက်တင်ဘာလကုန်အထိ ထုတ်ချေးပေးသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စပါးနှင့် ချည်မျှင်ရှည်ဝါ (အစေ့ထုတ်) တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း သတ်မှတ်ထားသည်။ နေပြည်တော်အတွင်းရှိ ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲများမှ ၂၀၂၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရန် လျာထားချက်မှာ မြို့နယ်ရှစ်မြို့နယ်မှ ရပ်ကွက်/ကျေးရွာ ၁၉၂ အုပ်စု၊ တောင်သူ ၂၉၆၀၀၊ ၁၂၃၅၂၈ ဧက ဖြစ်ပြီး ချေးငွေရန်ပုံငွေမှာ ၁၇၉၀၂ သန်းဖြစ်သည်။

ယနေ့တွင် ခရိုင်ဘဏ်ခွဲ(လယ်ဝေး)၌ အင်ပင်ကျေးရွာအုပ်စုမှ တောင်သူ ၅၆ ဦး၊ စပါး ၂၆၆ ဧက၊ ချေးငွေကျပ်သန်း ၃၃ ဒသမ ၉၀၊ ခရိုင်ဘဏ်ခွဲ(ပုဗ္ဗသီရိ)တွင် အောင်ဇေယျကျေးရွာအုပ်စုမှ တောင်သူ ၅၃ ဦး၊ စပါးဧက ၂၅၀၊ ချေးငွေကျပ်သန်း ၃၇ ဒသမ ၅၀၊ ပျဉ်းမနားမြို့နယ် ဘဏ်ခွဲတွင် သနပ္ပင်ဆိပ်ကျေးရွာ အုပ်စုနှင့် ကျွန်းဦးကျေးရွာအုပ်စုမှ တောင်သူ ၆၆ ဦး၊ စပါးနှင့်အခြားသီးနှံ ၂၄၁ ဧကအတွက် ချေးငွေကျပ် ၃၂ ဒသမ ၇၅ သန်းနှင့် တပ်ကုန်းမြို့နယ် ဘဏ်ခွဲတွင် ဘုရင့်နောင်ကျေးရွာအုပ်စုမှ တောင်သူ ၉၈ ဦး၊ စပါး ၄၉၇ ဧက၊ ချေးငွေကျပ် ၇၄ ဒသမ ၅၅ သန်း ထုတ်ချေးပေးနေမှုများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးကာ တောင်သူများနှင့် တွေ့ဆုံ၍ ချေးငွေထုတ်ချေးမှုနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော်   မေ   ၁၈**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် မြို့နယ်များရှိ ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ ရွှေလီဧည့်ခန်းမဆောင်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ်ကြိုးကြပ်မှု ကော်မတီ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေကျပ်သိန်းပေါင်း ၁၂၇၅ သိန်းနှင့် သွပ်အချပ်ရေ ၁၀၀၀ တို့အား ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ တိုင်းမှူးက ကျေးဇူးတင်စကား ပြောကြား၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အလားတူ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များက မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် အလှူငွေများ ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကာ တိုင်းမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်၊ ကေရီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အလှူရှင်များက အလှူငွေကျပ်သိန်းပေါင်း ၂၆၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ တိုင်းမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်



မေ ၁၈ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရခိုင်ပြည်နယ် အတွင်း မိုခါမုန်တိုင်းဘေးသင့်ပြည်သူများအတွက် ဘဲဥအလုံးရေ တစ်သိန်း သက်ဆိုင်ရာမှတစ်ဆင့် ပေးပို့လှူဒါန်းမှုအား မော်တော်ယာဉ်များဖြင့် သယ်ဆောင်လာစဉ်။

ကိုတွတ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော်   မေ   ၁၈**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှုများ ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီမှ World bank မိုးကာလိတ် ၆၀ ၊ World bank (5.5m x 6m) မိုးကာစ ၅၀၊ World bank မိုးကာတဲ ကိုးလုံး၊ စင်ကာပူမိုးကာတဲအလုံး ၃၀၊ ကျားဝတ်လုံချည် အထည် ၁၀၀၀၊ မဝတ်လုံချည်အထည် ၁၀၀၀၊ တီရှပ်အထည် ၂၀၀၀၊ စောင်အထည် ၁၀၀၀၊ တဘက်အထည် ၁၀၀၀၊ ခြင်ထောင် အထည် ၁၀၀၀၊ ဆပ်ပြာအထောင့် ၁၀၀၀၊ ကလေး(ကျား) ကျောင်းဝတ်စုံ ၁၀၀၀၊ ကလေး (မ) ကျောင်းဝတ်စုံ ၁၀၀၀၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်မှ ဒီဇယ်ဆီအလုံး ၂၀၊ ဓာတ်ဆီငါးလုံး စုစုပေါင်း ၁၀ တန်တို့အား ရေချမ်းပြင်ချောင်းဝအနီးမှ တင်ဆောင်ပြီး ရသေ့တောင်သို့ ပို့ဆောင်ပေးရန် ယနေ့ မွန်းလွဲပိုင်းတွင် ထွက်ခွာသွားသည်။



အလားတူ ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ရေသန့်စက်ယာဉ်တစ်စီး၊ CANOPY အမိုးစိမ်းအထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲဂျိုင်းဆက် ရှစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၇.၅ တန်တို့အားလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုး ရေယာဉ် တစ်စင်းသည် ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)မှ ရေသယ်ယာဉ်တစ်စီး၊ CANOPY အမိုးစိမ်းအထည် ၈၀၊ ၆၀ ဆံ့ မိုးကာတဲ ၂၅ ခု၊ မိုးကာတဲဂျိုင်းဆက် ခုနစ်ထုပ်၊ မိုးကာတန်း ၂၅ စည်း၊ မိုးကာငုတ် နှစ်စည်း စုစုပေါင်း ၁၅ တန်တို့အားလည်းကောင်း စစ်တွေမြို့၌ တင်ဆောင်ထွက်ခွာလာပြီး ရေချမ်းပြင်မှ တစ်ဆင့် ၂၉ မီတာ ကမ်းထိုးရေယာဉ် တစ်စင်း နှင့်အတူ ရသေ့တောင်သို့ ပို့ဆောင်ပေးရန် ဆက်လက်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၅ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၃၃၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၂၆၈၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၈၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၇၅ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၈၅ ကျပ် | ၁၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၅ ကျပ် | ၂၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၁၅ ကျပ် | ၁၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၀၅ ကျပ် | ၂၀၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၆၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၆၁ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၁ . ၁၈၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၂၄ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၂ . ၉၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၈ . ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၄၃၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၂၁၈ | ၁၇၆၅၈၀၀ |
| MTSH | ၂၇၅၀ | ၂၉၅၀ | ၃၃၀၁ | ၉၃၅၉၃၅၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၄၁၃ | ၂၈၉၁၀၀၀ |
| FPB | ၁၄၀၀ | ၁၄၅၀ | ၉၆၀ | ၁၃၄၄၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၅၀ | ၁၂၇၅၀၀ |
| AHP | ၄၇၀၀ | ၄၇၀၀ | ၂၀၀ | ၉၄၀၀၀၀ |

ညီညီ - စုစည်းသည်

# မုန်တိုင်းဒဏ်သင့်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်အသုံးပြုနိုင်ရေး အလှူငွေပေးအပ်လှူဒါန်း

**နေပြည်တော်  မေ  ၁၈**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ အလှူရှင်များက လှူဒါန်းသည့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်း ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများနှင့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။




ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဘေးဒဏ်ခံခဲ့ရသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း၊ မုန်တိုင်းဒဏ်သင့်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးကို စေတနာရှင်အလှူရှင်များက လှူဒါန်းပေးအပ်သည့် အလှူငွေများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနသို့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ ခွဲဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး(ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ အလှူငွေပေးအပ်လှူဒါန်းပွဲတွင် နေပြည်တော်ကောင်စီ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင်အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ် ၃၆၅၆၆၁၀၀၀ ဖြစ်ပြီး အလှူရှင်များ အနေဖြင့် ဆက်လက်လှူဒါန်းလိုပါက နေပြည်တော်ကောင်စီသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

# ချင်းပြည်နယ် မတူပီမြို့နယ်နှင့် လိုင်လင်းပီမြို့တို့ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော်  မေ  ၁၈**

ချင်းပြည်နယ်အတွင်းရှိ မတူပီမြို့နယ်နှင့် လိုင်လင်းပီမြို့တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအဆောက်အအုံအချို့ ပျက်စီးဆုံးရှုံးခဲ့သည့် လေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် ချင်းပြည်နယ် မတူပီမြို့ ၅၀၀ဆံ့ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာ ဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်၊ မတူပီမြို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က အားပေးစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်၊ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်တို့က လေဘေးသင့်အိမ်ထောင်စု ၁၇၀ တို့ကို စားသောက် ဖွယ်ရာများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း










၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 သည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော် ဘဏ်ခွဲတွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း ( Account Transfer ) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) K Pay ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ QR code နံပါတ် 70157401001 တို့သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖုန်းနံပါတ် ၀၉-၂၅၅၀၀၁၅၄၂၊ ၀၉-၂၅၅၀၀၁၅၄၃ တို့သို့ လည်းကောင်း လှူဒါန်းနိုင်ပါသည်။

၃။ နိုင်ငံခြားငွေစာရင်းအမှတ် ( 1DA-0300086) သည် မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပြီး လှူဒါန်းလိုသူများအနေဖြင့် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်း/ ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE /BIC - MFTBMMMY
- Beneficiary Name - Natural Disaster Management Fund
- Beneficiary A/C No - 1DA-0300086 သို့လှူဒါန်းနိုင်ပါသည်။

၄။ ထို့အပြင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မုန်တိုင်းဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ် သုံးစင်း ရန်ကုန်ရောက်ရှိ

**နေပြည်တော် မေ ၁၈**

ရခိုင်ကမ်းရိုးတန်းဒေသသို့ အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်းမိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရပ်ကွက်/ကျေးရွာများမှ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ် INS–Shivalik၊ INS–Kamorta နှင့် INS–Savitri တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိကြသည်။ အဆိုပါအိန္ဒိယရေတပ်မှ စစ်ရေယာဉ်များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Vinay Kumar နှင့် သံရုံး၊ စစ်သံရုံးတို့မှတာဝန်ရှိသူများ၊ တပ်မတော် (ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ (ယာပုံ)

ထို့နောက် အိန္ဒိယသံအမတ်ကြီးက အိန္ဒိယစစ်ရေယာဉ် INS–Shivalik ပေါ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် အိန္ဒိယသံအမတ်ကြီးက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယနေ့ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များတွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ဖြစ်ကြသည့် အသင့်စားခေါက်ဆွဲ၊ အာဟာရပြည့်ဘီစကစ်၊ ငါးသေတ္တာဘူး၊ ရွက်ဖျင်တဲ၊ တာပေါ်လင်စ၊ စောင်၊ လက်နှိပ်ဓာတ်မီး၊ ဆိုလာမီးအိမ်၊ လူနာသုံးတွန်းလှည်း (Wheel Chair)၊ ချိုင်းထောက်၊ ရွှေ့ပြောင်းနိုင်သော မီးစက်၊ ရေစုပ်စက်၊ သစ်ဖြတ်လွှ (Chain Saw)၊ တစ်ကိုယ်ရေသုံးပစ္စည်းများ၊ သန့်ရှင်းရေးသုံးပစ္စည်းများ (ရေ၊ မီး၊ မိလ္လာ)နှင့် ဆေးဝါးများစသည်တို့ပါဝင်ပြီး



စုစုပေါင်းတန်ချိန် ၂၅ တန်ခန့်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိန္ဒိယစစ်ရေယာဉ်များဖြင့် ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံး ရောက်ရှိစေရေးအတွက် သီလဝါဆိပ်ကမ်း MITT တံတားမှ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ခဲ့ကာ ၎င်းမှတစ်ဆင့် ညနေပိုင်းတွင် တပ်မတော်(လေ)မှလေယာဉ်ဖြင့် စစ်တွေမြို့သို့ ဆက်လက်ပို့ဆောင်ပြီး မုန်တိုင်းသင့်ပြည်သူများထံသို့ အမြန်ဆုံးဆက်လက်ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၁၈**

တပ်မတော်အနေဖြင့် ဆိုင်ကလုံးမုန်တိုင်း မိုခါ (MOCHA)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ ကူညီကယ်ဆယ်ရေး အဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုန်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။ (ဝဲပုံ)



ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် သဘာဝဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးမှ ကျန်းမာရေးဝန်ထမ်းများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ ပါဝင်သည့် အင်အား ၂၈ ဦးနှင့် အိမ်သာခွက်များ၊ အိမ်သာပိုက်များ၊ ငါးခြောက်ကြော်များ၊ ခေါက်ဆွဲခြောက်များ၊ အာလူးများ၊ ဘီစကစ်မုန့်များ၊ ကြက်သားဘူးများ၊ ငါးသေတ္တာဘူးများ၊ ဝက်/ကြက်အူချောင်းထုပ်များ၊ မိုးကာလိပ်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆေးပစ္စည်းများ၊ MPT ဆက်သွယ်ရေးပစ္စည်းများနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်လေယာဉ်များဖြင့် သုံးခေါက် ပို့ဆောင်ပေးခဲ့သည်။

**ဆက်လက်ဖြန့်ဝေသွားမည်**

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ရောက်ရှိလာသောပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ တပ်မတော်စစ်သမိုင်းပြတိုက်သို့လေ့လာ

**နေပြည်တော် မေ ၁၈**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာ ဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင်



သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် သင်တန်းများမှ သင်တန်းသား သင်တန်းသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြရာ တပ်မတော်(ကြည်း) ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ) ပြကွက်နှင့် ပြင်ပပြကွက်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး သင်တန်းသားများ၏ သိရှိလိုသည်များ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းသီးနှံသုတေသနစမ်းသပ်ကွက် ကွင်းသရုပ်ပြ

**ကျောက်ဆည် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် ဆောင်ရွက်သည့် နှမ်းမျိုးစေ့ထုတ်လုပ်မှု တိုးတက်စေရေး စီမံကိန်းလှုပ်ရှားမှုအနေဖြင့် နှမ်းသီးနှံ သုတေသနစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်က ရဲကြီးကျေးရွာ၌ ကျင်းပသည်။

ရေးဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးဦးတိုးမင်းက ဒေသနှင့် ကိုက်ညီ သော နှမ်းမျိုးနှင့် စိုက်နည်းစနစ်များကို တောင်သူများသိရှိရန်နှင့် သီးနှံစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲများ ကျင်းပခြင်းကြောင်း ပြောကြားပြီး ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်သူက ကျောက်ဆည်ခရိုင်အနေဖြင့် ဆီထွက်သီးနှံစုစုပေါင်းစိုက်ဧက ၉၇၈၉၅ ဧက စိုက်ပျိုးနိုင်ပြီး ဆီဖူလုံမှုအနေဖြင့် ၁၂၁ ဒသမ ၆၁ ရာခိုင်နှုန်း ရှိကြောင်းနှင့် မဲခေါင်–လန်ချန်းစီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် နှမ်းသီးနှံ သုတေသန စမ်းသပ်ချက်များအပေါ် တောင်သူများအနေဖြင့် နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ကြောင်း ပြောကြားသည်။

ထို့နောက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သူ ဒေါက်တာယုမွန်က တောင်သူများ အနေဖြင့် နှမ်းသီးနှံသုတေသနစမ်းသပ်ကွက်များကို ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် နှမ်းစမ်းသပ်ကွက်များကို မန္တလေးတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံတောင်သူများက ရဲကြီးကျေးရွာ တောင်သူဦးမြင့်အောင်နှင့် ကုလကျေးရွာ တောင်သူ ဦးစိန်အောင်တို့၏ နှမ်းမျိုးစမ်းသပ်ကွက်များ အတွင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားသမားများပြန်လည်ရောက်ရှိ၊ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၆၈ ဆုရရှိ

**ရန်ကုန် မေ ၁၈**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာအားကစားအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိကြသည်။



မြန်မာအားကစားအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများနှင့် ပြည်သူများက လေဆိပ်၌ အိုးစည်၊ ဒိုးပတ်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ **(အပေါ်ယာပုံ)**

ပြန်လည်ရောက်ရှိလာသည့် မြန်မာအားကစားအဖွဲ့တွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့်အတူ အုပ်ချုပ်မှုအဖွဲ့ ၁၆ ဦး၊ ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်နှစ်ဆု၊ ကြေးတံဆိပ် တစ်ဆုရရှိသည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့၊ ရွှေတံဆိပ်တစ်ဆု၊ ငွေတံဆိပ်ငါးဆု၊ ကြေးတံဆိပ်နှစ်ဆုရရှိသည့် ရိုးရာလှေလှော်အားကစားအဖွဲ့၊ ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ်နှစ်ဆု၊ ကြေးတံဆိပ်ရှစ်ဆုရရှိသည့် ဗိုဗီနမ်(အားနစ်) အားကစားအဖွဲ့၊ ရွှေတံဆိပ်တစ်ဆု၊ ကြေးတံဆိပ် နှစ်ဆုရရှိသည့် အလေးမအားကစားအဖွဲ့၊ ရွှေတံဆိပ်တစ်ဆု၊ ကြေးတံဆိပ်လေးဆုရရှိသည့် တိုက်ကွမ်ဒိုအားကစားအဖွဲ့၊ ငွေတံဆိပ်တစ်ဆု၊ ကြေးတံဆိပ်သုံးဆုရရှိသည့် ဂျူဒိုအားကစားအဖွဲ့၊ ငွေတံဆိပ်တစ်ဆုရရှိသည့် ကြက်တောင်အားကစားအဖွဲ့၊ ကြေးတံဆိပ်တစ်ဆုရရှိသည့် ခရစ်ကက်အားကစားအဖွဲ့နှင့် စစ်တုရင်အားကစားအဖွဲ့တို့မှ နည်းပြများ၊ အုပ်ချုပ်သူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၁၅၅ ဦး ပြန်လည်လိုက်ပါလာကြသည်။

ယနေ့ ပြန်လည်လိုက်ပါလာသော မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်ဆုရှင်များမှာ ပိုက်ကျော်ခြင်း (အမျိုးသား) ကွင်းသွင်းပြိုင်ပွဲမှ သန်းဇော်ဦး၊ သိန်းဇော်မင်း၊ အောင်ကျော်မိုး၊ အောင်ဇော်၊ ကျော်ဇေယျာဝင်း၊ ဇင်ကိုကို၊ (အမျိုးသမီး) ကွင်းသွင်းပြိုင်ပွဲမှ ဖြူဖြူသန်း၊ ခင်နှင်းဝေ၊ ကြူကြူသင်း၊ နိုင်နိုင်ဝင်း၊ နွယ်နွယ်ထွေး၊ ဆုတင်ဇာနိုင်၊ ရိုးရာလှေလှော် အသက် (၂၄)နှစ်အောက် အမျိုးသားငါးတက်လှော် ၂၅၀ မီတာပြိုင်ပွဲမှ ခန့်ဇော်အောင်၊ ပြည့်စုံအောင်၊ သက်ပိုင်ဖြိုး၊ စောနိုင်လင်းကျော်၊ တင်ကိုကို၊ ဗိုဗီနမ်(အားနစ်) အားကစားနည်း (၅၅-၆၀)ကီလို ဖော့တုတ်အတိုက်ပြိုင်ပွဲမှ စည်သူမောင်နှင့် အမျိုးသားအသင်းလိုက် အလွတ်တန်းပြိုင်ပွဲမှ အောင်ဇော်သက်၊ ရဲဇော်မိုး၊ မျိုးထွန်းအံ့၊ အလေးမ(၄၅)ကီလိုပြိုင်ပွဲမှ ဇင်မေဦး၊ တိုက်ကွမ်ဒို အမျိုးသား(+၈၇)ကီလိုပြိုင်ပွဲမှ ကျော်မင်းနိုင်တို့ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ယခုယှဉ်ပြိုင်ခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၆၈ ဆု စုစုပေါင်း ဆုတံဆိပ် ၁၁၄ ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း(MAI)မှ Mid-Year-Deals ပရိုမိုးရှင်းအဖြစ် ခရီးစဉ်သစ်များကို ပျံသန်းပြေးဆွဲမည်

**ရန်ကုန် မေ ၁၈**

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) Mid-Year-Deals ပရိုမိုးရှင်းကာလ၌ နိုင်ငံတကာခရီးစဉ်များကို အမေရိကန်ဒေါ်လာ ၆၁ ဒေါ်လာမှစတင်သည့် လေယာဉ်ခ နှုန်းထားများဖြင့် ခရီးသွားကာလ မေ ၈ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ နိုင်ငံတကာခရီးစဉ်သစ်များကို တိုးချဲ့ပျံသန်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း Myanmar Airways International လေကြောင်းလိုင်းမှ သိရသည်။

အဆိုပါ ပရိုမိုးရှင်းကာလ၌ ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့(MAA)သို့ ၂၀၂၃ ခုနှစ် မေ ၆ ရက်မှစ၍ အပတ်စဉ်ခရီးစဉ်များ စတင်ပျံသန်း ပြေးဆွဲသွားမည်ဖြစ်ပြီး စင်ကာပူ (SIN)၊ ဒူဘိုင်း(DXB)နှင့် အင်ချွန်းမြို့(ICN) များသို့ အကြိမ်ရေ တိုးချဲ့ပြေးဆွဲသွားမည့်အပြင် ရန်ကုန်နှင့် မန္တလေးမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဒွန်မောင်းလေဆိပ်(DMK)သို့ တစ်ပတ်လျှင် ငါးကြိမ်ဖြင့် ခရီးစဉ်သစ်များကို ပျံသန်းပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။




"ခရီးသွားတွေအနေနဲ့ ထင်ရှားတဲ့မြို့တွေဖြစ်တဲ့ ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူနဲ့ အသစ်ပြေးဆွဲတဲ့ ဟန္နွိုင်း၊ ဟိုချီမင်း၊ ဖနွမ်းပင်မြို့များအပါအဝင် MAI ရဲ့ နိုင်ငံတကာခရီးစဉ် ၁၈ ခုမှာ အမေရိကန်ဒေါ်လာ ၆၁ ဒေါ်လာ ကစတင်ပြီးသက်သာတဲ့ နှုန်းထားနဲ့ဝန်ဆောင်မှုပေးထားပါတယ်။ အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့တိုက်ရိုက်ခရီးစဉ်နဲ့ ဇွန်လ ၁၅ ရက်မှာစတင်မယ့် ဘန်ကောက်မြို့၊ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို အပတ်စဉ်တစ်ပတ် ငါးကြိမ် ပျံသန်းပြေးဆွဲသွားမှာပါ။ ခရီးသွားလိုက်ပါမှုအပေါ် အခြေခံပြီး မေလကစတင်ပြီးတော့ စင်ကာပူ၊ ဒူဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ဆိုးလ်မြို့၊ အင်ချွန်းခရီးစဉ်တို့ကို တိုးမြှင့်ပြေးဆွဲသွားဖို့ရှိပါတယ်" ဟု MAI မှ Chief Commercial Officer ဖြစ်သော Mr.Tanes Kumar က ပြောသည်။

ရန်ကုန် - ချန်နိုင်း တိုက်ရိုက်ခရီးစဉ်ကို ၂၀၂၃ ခုနှစ် မေ ၆ ရက်တွင် စတင်ပျံသန်းပြေးဆွဲခဲ့ပြီး နှစ်နိုင်ငံ တိုက်ရိုက်ချိတ်ဆက်ပြေးဆွဲမှုမှ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးကို အထောက်အကူ ဖြစ်စေလျက်ရှိသည်။စင်ကာပူခရီးစဉ်တွင် မေ ၂၉ ရက်မှစတင်၍ အပတ်စဉ်တနင်္လာနှင့် ဗုဒ္ဓဟူးနေ့တို့တွင် တစ်ပတ်လျှင် (၁၀) ကြိမ် ပြေးဆွဲရာမှ (၁၂)ကြိမ်အထိ တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ဒူဘိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဇွန် ၁ ရက်မှစတင်၍ အပတ်စဉ်ကြာသပတေးနေ့တွင် ထပ်တိုးခရီးစဉ်အဖြစ် တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲရာမှ သုံးကြိမ်အထိ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကာ ဆိုးလ်မြို့ အင်ချွန်းခရီးစဉ်ကိုလည်း ဇူလိုင် ၂၇ မှစတင်၍ အပတ်စဉ်ကြာသပတေးနေ့တိုင်း ထပ်တိုးခရီးစဉ်အဖြစ် သုံးကြိမ်ပြေးဆွဲရာမှ လေးကြိမ်အထိ တိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း MAI အနေဖြင့် ရန်ကုန်နှင့်မန္တလေးကို အခြေပြု၍ နိုင်ငံအတွင်းရှိမြို့များနှင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူနိုင်ငံ၊ မလေးရှား၊ ယူအေအီး၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တောင်ကိုရီးယားနှင့် ထိုင်ဝမ်တို့ရှိ မြို့ပေါင်း ၂၇ မြို့သို့ A319 လေယာဉ် လေးစီး၊ A320 လေယာဉ် သုံးစီး၊ E190 လေယာဉ်သုံးစီးတို့ဖြင့် ပျံသန်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၃ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၈**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အတွင်း စားရေရိက္ခာ ဖူလုံစေရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သည့် အရင်းအနှီးငွေများကို သက်သာသည့် အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်းလုပ်ငန်းအား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။



၂၀၂၃ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများအား ယခင်နှစ်ချေးငွေများ ပြေကျေသည့် တောင်သူများအား စပါးစိုက်ကေတစ်ကေလျှင် ၁၅၀၀၀၀ နှုန်းဖြင့် မေ ၁၈ ရက်မှစတင်၍ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်မှ တောင်သူ ၇၉၅ ဦး၏ မိုးစပါးစိုက်ကေ ၅၇၃၈ ကေအတွက် ချေးငွေကျပ်သန်း ၈၆၀ ဒသမ ၇၀ အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေကူမြို့၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ရွှေကူ မေ ၁၈**

နိုင်ငံပိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် အရင်းအနှီးများရရှိစေရန်အတွက် ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မိုးရာသီစိုက်ပျိုးရေးစရိတ်ချေးငွေများကို မေ ၁၈ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးရာတွင် သီးနှံပေါ်ချိန်၌ ချေးငွေများအချိန်မီ ပြန်လည်ပေးဆပ်ပြီး ယခင်နှစ်ကြွေးကျန်ကင်းရှင်းသော တောင်သူများသာ ချေးငွေအသစ် ထုတ်ချေးခွင့်ရရှိမည်ဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ယနေ့တွင် နောင်မိုကျေးရွာအုပ်စုရှိ တောင်သူ ၁၂ ဦး၏ မိုးစပါးစိုက်ကေ ၄၇ ကေအတွက် တစ်ကေလျှင်ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေ ၇၀၅၀၀၀၀ ကို တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီး ယခုနှစ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိ စိုက်ပျိုးကေပေါင်း ၁၂၀၀၀ အတွက် ငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးတင်လင်း ထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ဆိုင်ကလုန်းမုန်တိုင်းမိုခါဝင်ရောက်တိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အဦ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ၅ လုံး၊ ဈေးတစ်ခု၊ လေဆိပ်နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အဦ ၃၄၀ ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၅၄ ဦး သေဆုံးခဲ့

နေပြည်တော် မေ ၁၈

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"(MOCHA) မေ ၁၄ ရက်တွင် တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပျက်စီးဆုံးရှုံးမှု စာရင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည်။

ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစိတ်ထပ်မံစိစစ်ခဲ့ရာ မေ ၁၈ ရက် မွန်းလွဲပိုင်းအထိ ရရှိသော စာရင်းများအရ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၄၄ ရွာမှ လူနေအိမ် ၁၂ လုံး၊ သာသနိကအဆောက်အဦ သုံးလုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းသုံးကျောင်း၊ လေဆိပ်အဆောက်အဦ တစ်ခု၊ ဓာတ်မီးတိုင် ရှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အဦ တစ်လုံး၊ အုတ်နံရံ တစ်ခု၊ ချင်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၂၄ ရွာမှ လူနေအိမ် ၁၂၉ လုံး၊ သာသနိကအဆောက်အဦ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ ဆေးရုံ/ဆေးခန်းနှစ်ခု၊ ဓာတ်မီးတိုင် လေးခု၊ ဌာနဆိုင်ရာ အဆောက်အဦ ၃၀၊ ဘောလုံးကွင်း တစ်ကွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၂၃ ရွာ၊ လူနေအိမ် သုံးလုံး၊ ဆက်သွယ်ရေးတာဝါတိုင် ခြောက်တိုင်၊ ဓာတ်မီးတိုင်နှစ်တိုင်၊ ထရန်စဖော်မာ တစ်လုံး၊ အုတ်တံတိုင်း/နံရံ ၂၆ ခု၊ တံတားသုံးစင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၇၂ ရွာမှ လူနေအိမ် ၁၁၃ လုံး၊ ဆက်သွယ်ရေးတာဝါတိုင် နှစ်တိုင်၊ ဓာတ်မီးတိုင်တစ်တိုင်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ ၃၄ ရွာမှ လူနေအိမ် လေးလုံး၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ အုတ်တံတိုင်း/နံရံ ၆၇ ခု၊ ရာသီသီးနှံစိုက်ခင်း ၁၅၆ ခင်း၊ တံတားတစ်စင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာတစ်ရွာမှ သာသနိကအဆောက်အဦ လေးခု၊ မွန်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ လေးရွာမှ လူနေအိမ် တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်း၊ ဓာတ်မီးတိုင် ၁၄ တိုင်၊ ရခိုင်ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာမြို့နယ် ၁၇ မြို့နယ်မှ လူနေအိမ် ၁၈၂၅၉၈ လုံး၊ ရုံး ၃၀၀၊ စာသင်ကျောင်း ၁၃၅၂ လုံး၊ ဆေးရုံ/ဆေးခန်း ၂၂၀၊ ဘာသာရေးအဆောက်အဦ ၁၇၀၁ လုံး၊ အခြားပျက်စီးမှု ၁၀၁၄ ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၆၅ ရွာမှ လူနေအိမ် ၃၁ လုံး၊ သာသနိကအဆောက်အဦ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း ခုနစ်ကျောင်း၊ ဆက်သွယ်ရေးတာဝါတိုင်နှစ်တိုင်၊ ဓာတ်မီးတိုင် ၆၀၊ ထရန်စဖော်မာနှစ်လုံး၊ ဌာနဆိုင်ရာ အဆောက်အဦ ခြောက်လုံး၊ ဘောလုံးကွင်း နှစ်ကွင်း၊ အုတ်တံတိုင်း/နံရံ ၃၄ ခု၊ ရှမ်းပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာတစ်ရွာမှ လူနေအိမ် နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်းတစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာ ၁၁၄ ရွာမှ လူနေအိမ် ၁၃၁ လုံး၊ သာသနိကအဆောက်အဦ တစ်လုံး၊ ဘုန်းတော်ကြီးကျောင်းငါးကျောင်း၊ စာသင်ကျောင်း ၃၂ ကျောင်း၊ ဆေးရုံ/ ဆေးခန်း ငါးခု၊ ဓာတ်မီးတိုင်ကိုးတိုင်၊ ဌာနဆိုင်ရာအဆောက်အဦ သုံးလုံး၊ အခြားပျက်စီးမှုလေးခုပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။



သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများကို တပ်မတော်သားများက ရှင်းလင်းဖယ်ရှားနေစဉ်။

သို့ဖြစ်၍ မေ ၁၈ ရက် မွန်းလွဲပိုင်းအထိ ရရှိသောစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာ လူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိက အဆောက်အဦ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ/ ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးလုံး၊ ဈေးတစ်ခု၊ လေဆိပ်နှစ်ခု၊ ဌာနဆိုင်ရာ အဆောက်အဦ ၃၄၀ လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၅၄ ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင့်ပြင်ဆင် စုဖွဲ့ထားရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## "ဟာသမြို့တော်" ရယ်စရာစင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မေ ၁၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ " ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်သည်။

"ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး အကယ်ဒမီ အောင်ခိုင်၊ အကယ်ဒမီ ဝါဝါအောင်၊ ဟာသမယ်မတူး၊ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့နှင့် ဟာသပညာရှင်များ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်တွင် **"တင့်တောင့်တင့်တယ်"** ခေါင်းစဉ်ဖြင့် စတင်ဖျော်ဖြေ တင်ဆက်မည်ဖြစ်ရာ MRTV-HD Channel မှ မေ ၂၀ ရက် (စနေနေ့) ည ၉ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့် ပြသမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို မေ ၂၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီသတင်းအပြီးတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၈

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်း များ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄- ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဝက်ပုတ်ကျေးရွာနေ ရွှေအိုး(ခ) နေလင်းဇော်(ခ)နေလင်းမော်(ခ) နေလင်းသော် သည် ၎င်းအသုံးပြုသည့် "ချိုးငှက် ပြောက်ကြား" Facebook အကောင့်၊ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် နောင်မိုရပ်ကွက်နေ ရဲနိုင်သည် ၎င်းအသုံးပြုသည့် "Ye Naing" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မြေစိုကျေးရွာနေ ကျော်မင်းခန့်သည် ၎င်းအသုံးပြုသည့် "Kyaw Min Khant" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး တွံတေးမြို့နယ် မယ်ပြကျေးရွာနေ ရည်မွန်ဝေဦးသည် ၎င်းအသုံးပြုသည့် "May Ye Mon" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၁၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ အကြိမ်(၃၀)မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အကြိမ်(၃၀)မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် –

**ကျင်းပမည့်ရက်** – ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** – နံနက် (၁၀:၀၀) နာရီ
**ကျင်းပမည့်နေရာ** – Summit Parkview Hotel(Grand Ball Room)
အမှတ်(၃၅၀)၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုခြင်း၊ မေးမြန်းခြင်းများပြုလုပ်လိုပါက စာဖြင့်ရေးသား၍ ၁၂-၆-၂၀၂၃ ရက် (တနင်္လာနေ့)၊ (၁၆:၃၀)နာရီ နောက်ဆုံးထားပြီး အထက်ပါလိပ်စာသို့ ပေးပို့ကြပါရန်နှင့် အစည်းအဝေးတွင် နှုတ်ဖြင့်မေးမြန်းခြင်း၊ အကြံပြုဆွေးနွေးတင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကြိုတင်အသိပေးအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်း ရောက်ရှိလာသည့်မေးမြန်းချက်များကို သီးခြားစာဖြင့် ပြန်ကြားပါမည်။

၃။ အစည်းအဝေးသို့ တက်ရောက်လာသည့်အခါ မိမိ၏အစုရှယ်ယာလက်မှတ်မူရင်းကို တစ်ပါတည်းယူဆောင်လာကြရန် လေးစားစွာပန်ကြားအပ်ပါသည်။

၄။ အစုရှယ်ယာရှင်ကိုယ်တိုင်မတက်ရောက်နိုင်ပါက အခြားအစုရှယ်ယာရှင်တစ်ဦးဦးကို ကိုယ်စားလှယ်အဖြစ် ခန့်ထားတက်ရောက်စေနိုင်ပါသည်။

၅။ အစုရှယ်ယာရှင် တစ်ဦးချင်းထံသို့ နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းမည့် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဆက်လက်ပေးပို့ပါမည်။

**ဒါရိုက်တာအဖွဲ့**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## မြန်မာ့ဆေးဝါးလုပ်ငန်း တင်ဒါပိတ်ရက်အားတိုးမြှင့်ခြင်း

မြန်မာ့ဆေးဝါးလုပ်ငန်းအတွက် မြန်မာ့အလင်းသတင်းစာ ၆-၅-၂၀၂၃ ရက်နှင့် ကြေးမုံသတင်းစာ ၇-၅-၂၀၂၃ ရက်တို့တွင် ကြော်ငြာထားသည့် ဆောက်လုပ်ရေးလုပ်ငန်း (၁)မျိုးနှင့် စက်နှင့်စက်ပစ္စည်းဝယ်ယူခြင်း (၃) မျိုးတို့အတွက် တင်ဒါပိတ်ရက်အား ၂၂-၅-၂၀၂၃ ရက်အစား ၂၅-၅-၂၀၂၃ ရက်သို့ တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)စီမံရေးဌာန**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
ဖုန်း-၀၆၇-၃၄၀၈၂၇၀၊ ၃၄၀၈၂၇၅၊ ၃၄၀၈၁၄၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/3197 HONDA INSIGHT ZE 2 HATCH BACK ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွန်း ၆/မအရ(နိုင်)၀၈၅၂၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** – ၁၈-၅-၂၀၂၃ ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** – ၁-၆-၂၀၂၃ ရက် ညနေ(၄:၃၀)နာရီ
(ဂ) **တင်ဒါလျှောက်လွှာ၊ တင်သွင်းရမည့်နေရာ** – ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနဖုန်း-၀၇၄-၂၅၂၂၃၆၉၊ ၀၉-၄၂၄၃၈၃၅၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/9256, Ford Ranger Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ငယ် ၁၂/ဒဂတ(ပြု) ၀၀၀၄၁၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## TMH TELECOM PUBLIC COMPANY LIMITED

### ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

### 6th Annual General Meeting Invitation

TMH Telecom Public Company Limited ၏ ဆဋ္ဌမ အကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

You are cordially invited to join the 6th Annual General Meeting of TMH Telecom Public Company Limited, which will be convened as per following.

နေ့ရက် (Date) : 18th June, 2023

အချိန် (Time) : 10:00 AM To 12:00 PM

အစည်းအဝေးကျင်းပမည့်ပုံစံ (Meeting System) : Zoom Meeting ( Online )

အွန်လိုင်းစာရင်းပေးသွင်းနိုင်သည့်နေ့ (Online Registration Date) : 1st June, 2023 To 15th June, 2023

**ဆက်သွယ်ရန် ( Contact) :**
Department of Securities Affairs
TMH Telecom Public Company Limited
No.18/A, Koh Min Koh Chin Road, Bahan Township, Yangon
Hot Line: +951 9552100,+951 9552101,+951 9552112
Email: info@tmhsa@gmail.com , info@tmhtelecom.com
Website: www.tmhtelecom.com

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၁၀)၊ နယ်မြေ(၁)၊ တောရကျောင်းလမ်းနေ (ဘ)စိုင်းဟောင်ခမ်း၏ သားဖြစ်သူ စိုင်းလှမြင့် ၁၃/မဆတ(နိုင်)၀၆၃၈၄၅ သည် မိဘများ၏ ဆိုဆုံးမမှုများကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စိုင်းဟောင်ခမ်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၅-၂၀၂၃ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၉)၏ ကြော်ငြာစာတွင် ၂၇လမ်းနှင့် ၂၈ လမ်းကြား၊ ၇၉ လမ်းနှင့် ၈၀ လမ်းကြားအစား လမ်းလိပ်စာမှန်မှာ ၂၉လမ်းနှင့် ၃၀ လမ်းကြား၊ ၆၄လမ်းနှင့် ၆၅ လမ်းကြားဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၊ ရပ်ကွက်(၅)၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁၇၄)နေ မောင်စိုင်းအိုက် ၁၃/တယန(နိုင်)၀၀၀၁၆၈ ၏ ဖခင်အမည်မှန်မှာ ဦးအိုက်ပေါက်(ခ) ဦးနော်ပေါက် ဖြစ်ပါသည်။

**မောင်စိုင်းအိုက်**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမက(၂၄) စတုတ္ထတန်းအောင်မှ မမေမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းလှိုင်၉/နထက(နိုင်)၁၆၀၈၂၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/8609 Hyundai Tructor Head ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပြည့်ဖြိုး ၇/တငန(နိုင်) ၁၄၀၇၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)ရန်ကုန်မြို့**

## အလိမ္မာ စာမှာရှိ

## ဒေါ်ဖိတ်အိန်
### အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်လမ်းသွယ်(၂)၊ အမှတ်(၄၈)နေ (ဦးထိုက်ဟို)၏ဇနီး၊ (ဦးမင်းထွန်းဦး)-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးစန်းလွင်)-ဒေါ်ခင်ခင်ရီ၊ ဦးခင်မောင်သန်း-ဒေါ်မြင့်မြင့်စိုး၊ ဦးခင်အောင်-ဒေါက်တာ ဒေါ်တင်တင်ရီ၊ ဒေါက်တာ ဦးခင်မောင်ကြိုင်-ဒေါက်တာ ဒေါ်သီသီမြင့်၊ ဦးခင်မောင်တိုး-ဒေါ်ရီရီချို၊ (ဦးခင်မောင်ထွေး)-ဒေါ်ရင်ရင်စိန်၊ (ဒေါ်ခင်ခင်ထွေး)တို့၏ မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည် ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၆:၁၀ နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးမင်းသူ(တက္ကသိုလ်မင်းသူ)
## လ.ဝ.က တိုင်းဦးစီးမှူး(ငြိမ်း)
## ကန်တော့ခံပုဂ္ဂိုလ်
## အသင်းဝင်အမှတ် ၄၀၅
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၂၉ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၃၅၉နေ ဒေါ်ခင်နွဲ့ရင်(လ.ဝ.က- ငြိမ်း/မိုးကျော်သူ-စာပေ)၏ခင်ပွန်းသည် ၁၇-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

အသင်းမှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။

**အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင့်ဆွေ
## ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
## နိုင်ငံတော်သမ္မတရုံး
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘိုးရာဇာလမ်းနေ ဒေါ်ကြည်ကြည်ခိုင် ၏ခင်ပွန်းဖြစ်သူ သူငယ်ချင်း ဦးတင့်ဆွေသည် ၁၈-၅-၂၀၂၃ ရက် (ကြာသပတေးနေ့) ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈)မိသားစု

## ဒေါ်လှသိန်း (ဇေယျဝတီ/
## အလယ်တန်းပြဆရာမ-ငြိမ်း)
## အထက (၂)၊ ဇေယျဝတီ
### အသက် (၈၁)နှစ်

ရန်ကုန်မြို့နေ ဦးသက်ဝင်း-ဒေါ်နုနုလွင်၊ ဦးချစ်စိုးဝေ-ဒေါ်အေးအေးသန်းတို့၏ မိခင်၊ မဆုမှူးတင့်တယ်၊ မဇွန်သက်ဦးစံ၊ မမေဖူးပွင့်မောင်၊ မမေသူစိုးတို့၏အဘွား (ဦးအောင်လှ-ဒေါ်ထိုက်)တို့၏သမီး၊ (ဦးသန်းဌေး)၏ဇနီးဖြစ်သူသည် ၁၇-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းရီ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သော်တာလမ်း၊ အမှတ် (၅/က)နေ (ဦးကျင်ဟုတ်-ဒေါ်ညို)တို့၏ သမီးကြီး၊ (ဦးကြည်သန်း)၏ ဇနီး၊ ဒေါက်တာယုယုတင် (ခေတ္တ-ဆေးရုံအုပ်ကြီး)၊ ဒေါက်တာယဉ်မောင်မောင် (ပါမောက္ခ/ဌာနမှူး)-ဒေါက်တာသန်းသန်းဝင်း (ဒုတိယပါမောက္ခချုပ်)တို့၏ မိခင်၊ မဆုယဉ်နှင်း၏အဘွား၊ (ဒေါ်တင်တင်အေး)၊ ဒေါ်မြင့်မြင့်စိုး၊ (ဒေါ်မြင့်မြင့်ဌေး)၊ (ဒေါ်သန်းသန်းအေး)၊ ဦးခင်ကြည်တို့၏ အစ်မ၊ ကိုဖြိုးမင်းသန့်၏ ကြီးကြီး ဒေါ်စန်းရီသည် ၁၈-၅-၂၀၂၃ ရက်၊ ညနေ ၃:၁၂ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၃ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းဝင်း
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမာဓိလမ်း၊ အမှတ်(ဆ/၂၀)နေ (ဦးမောင်ကြီး-ဒေါ်အေးညွန့်)တို့၏သမီး၊ သီဟသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ(KN ဦးတင်ဝင်း) (Myanmar Pyi Thar Co.,Ltd)၏ချစ်လှစွာသော ဇနီး၊ ဦးဝင်းဇော်အောင်-ဒေါ်ခင်သန္တာဝင်း(မြန်မာပြည်သားရေခဲစက်)၊ (ဦးအောင် ကိုကိုဝင်း-ဒေါ်မေခိုင်အေး)၊ (ဦးရဲထွဋ်ဝင်း)၊ ဒေါ်နီနီရွှေဝင်း(USA)၊ ဦးညီနိုင်ဝင်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မောင်ဟိန်းနန္ဒဝင်း၊ မအိချယ်ရီဝင်း၊ မဆုမြတ်ကလျာဝင်း၊ မအိမ့်မြတ်မာလာဝင်းတို့၏အဘွား ဒေါ်စန်းဝင်း အသက်(၆၂)နှစ်သည် ၉၆ပါးသောရောဂါဖြင့် ၁၇-၅-၂၀၂၃ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးဆန်းလင်းကျော်(ငြိမ်း)
## ဗသက(၇၃) (သီဟတပ်ခွဲ)
### အသက် (၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သန်း) (အထက ကျောင်းအုပ်ကြီး-ငြိမ်း) ဒေါ်ခင်တင် တို့၏သား၊ (ဦးသူရကျော်)၊ ဒေါက်တာ ခင်ဖြူဖြူကျော် (ပါမောက္ခ)၊ ဒေါ်ခင်သူဇာကျော်တို့၏အစ်ကို၊ ဒေါက်တာ ဆွေဆွေဝင်း (ပါမောက္ခ)၏ခင်ပွန်း၊ မဆုပြည့်ဖြိုးပိုင်၏ ချစ်လှစွာသော ဖခင်၊ တူ၊ တူမများ၏ ဦးလေးသည် ၁၇-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) ည ၉:၂၅နာရီတွင် တဆရ (၂/၅၀၀)ဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၃ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဦးပြည်ညွန့်(ခ)ပက်ထရစ်ညွန့်လှိုင်
## အင်္ဂလိပ်မက်သဒစ်ကျောင်းသားဟောင်း
## ဆေးမှူးချုပ်(ငြိမ်း) မြန်မာ့ရေနံနှင့်
## သဘာဝဓာတ်ငွေ့လုပ်ငန်း
### အသက် (၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (93/3)သံလွင်လမ်းနေ (ဦးညွန့်လှိုင်-ဒေါ်မေကြွေ)တို့၏သား၊ ဒေါက်တာ ဒေါ်ခင်မာအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာ မြတ်ကလျာညွန့်၊ ဦးသန်းထိုက်ပြည်ညွန့်-ဒေါ်အေးနန္ဒာ၊ ဒေါက်တာစုလှိုင်အေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရတနာဒေဝီ၊ မခင်ကညာယမင်းတို့၏အဘိုးဖြစ်သူသည် ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့)နံနက် ၇:၃၀နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဒဂုံရွှေမျှားလမ်း၊ မြေကွက်အမှတ်(၈၅၁)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ) ဦးကြီးမြင့် (၁၂/ကမရ (နိုင်) ၀၂၂၇၅၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၈၅၂)နှင့်ကပ်လျက် (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးကြီးမြင့်၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၃၇၅/၂၀၂၂)အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးမွန်အောင် (၁၂/ဗဟန (နိုင်) ၀၉၂၉၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူး ဆန်းလင်းကျော်(ငြိမ်း)
## ဗသက(၇၃) (သီဟတပ်ခွဲ)
### အသက် (၆၁)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာ ဆွေဆွေဝင်း(ပါမောက္ခ)၏ခင်ပွန်း၊ ဗိုလ်မှူး ဆန်းလင်းကျော်(ငြိမ်း)သည် ၁၇-၅-၂၀၂၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းဆင်းအရာရှိ မိသားစုများ**
ဗသက(၇၃) (သီဟတပ်ခွဲ)

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးနု
### အသက်(၇၅)နှစ်

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဗိုလ်မှူးဇော်နိုင်ထွန်း(ငြိမ်း)-ဒေါ်ယဉ်မြတ်သူတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးနု အသက်(၇၅)နှစ်သည် ၁၈-၅-၂၀၂၃ရက် (၁၆:၀၀) နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှသူငယ်ချင်းများ**

## သွာနုတ္တသားသမီးအဖြစ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းနိုင် ၁၄/ပသန(နိုင်)၀၂၂၆၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ မောင်ကောင်းထက်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏သားဖြစ်သူ မောင်ကောင်းထက်အောင်သည် မိဘများ၏ဂုဏ်သိက္ခာကို အကြိမ်ကြိမ်ကျဆင်းအောင် ပြုမူဆောင်ရွက်ခြင်း၊ မိဘဆိုဆုံးမမှုအပေါ်နားထောင်မှုမရှိခြင်း၊ မိဘများမသိအောင် ငွေကြေးများကို အကြိမ်ကြိမ် အလွဲသုံးစားပြုလုပ်ခြင်း၊ မိဘအားကြမ်းတမ်းသောစကားများဖြင့် ရန်သူသဖွယ်ပြန်လည်တုံ့ပြန်ပြောဆိုခြင်းတို့ကြောင့် ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ သွာနုတ္တသားသမီးအဖြစ် အသိအမှတ်ပြု ကြေညာလိုက်ပြီးဖြစ်ကြောင်းနှင့် နောက်နောင် မောင်ကောင်းထက်အောင်နှင့်ပတ်သက်သော အရပ်ရပ်ကိစ္စတို့သည် ဖခင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းနိုင်နှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း၊ ယင်းအပြင် မောင်ကောင်းထက်အောင်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်တို့အား တစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း မောင်ကောင်းထက်အောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ - | | |
|---|---|---|---|
| ဦးသန်းနိုင် | ဦးအောင်မိုး(ကော့မှူး) | ဒေါ်သိမ့်သိမ့်ထွန်း | ဒေါ်ထက်ထက်အေးငြိမ်း |
| ၁၄/ပသန (နိုင်)၀၂၂၆၈၅ | တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |
| | (စဉ်-၈၂၃၇) | (စဉ်-၁၂၆၇၆) | (စဉ်-၅၀၀၈၇) |

ရုံး-အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ သုခမှတ်တိုင်အနီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၄၄၅၅၅၁၆၂ ၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁၊ ၀၉-၇၉၈၅၇၇၂၉၁

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဦးညွန့်တင် ၁၂/တမန(နိုင်) ၀၇၄၁၂၃(ဘ)ဦးစံညွန့် အမည်ပေါက် မြေကွက်အမှတ်(ပ-၂၁၂၂၇)ကို ရန်ကုန်မြို့ တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်၊ ၇၃၄၈/၂၀၂၃(၂၅-၄-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ် ရရှိထားသူ ဦး မောင်မောင်လတ် ၇/ပခန(နိုင်) ၁၉၀၉၇၈ (ဘ)ဦးပရစ်ဗဟာဒူးမှ ဦးညွန့်တင် အမည်ဖြင့်မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ လူနေရပ်ကွက်အမှတ် (၈)၊ မင်းရဲ ကျော်စွာလမ်း၊ မြေကွက်အမှတ် (၃၃၄-က)ဟု ခေါ်တွင်သော အလျားပေ ၂၀xအနံပေ ၆၀၊ ဧရိယာစတုရန်းပေ ၁၂၀၀၊ ၀.၀၂၇ ဧကအကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ်အမည်ပေါက် ဦးဌေးအောင် (ISN-၅၇၄၆၄၆) ၁၂/အစန(နိုင်)၀၄၇၅၉၄ ထံမှတစ်ဆင့် ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အပိုင်ရောင်းချသူ နော်ချောစု ၁၄/ပသန(နိုင်) ၂၄၉၀၆၇မှ ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်စျာန် (LL.B) (စဉ်-၅၀၄၈၂)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၄၄၄၂၁၅၄၄
အမှတ် (၁၆၉/က)၊ မကွေး (၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/2975, TOYOTA PROBOX-Ncp51 S/W R ယာဉ်လက်ဝယ် ရှိသူ ဦးလွင်ဦး N/DGN-MTT-000045 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(ဘားအံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/9150, Toyota Wish Zne10, Station Wagon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်စန်း ၁၂/ထတပ(နိုင်)၀၃၄၂၃၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6C/3365, Myanmar S/W MSW3, Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစောစာနာထူး ၁၂/ဒဂမ(နိုင်)၀၀၄၁၄၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ **စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူ၍ရှိပြီး မျိုးကောင်းမျိုးသန့် ရရှိရန်၊ မြေကို နည်းစနစ်တကျ ပြုပြင်အသုံးပြုရန်၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရန်၊ မှန်ကန်သည့် စိုက်နည်းစနစ်ရှိရန်နှင့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြင့် ထည့်သွင်း အသုံးပြုရန် လိုအပ်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

## မိုခါမုန်တိုင်းဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လှူဒါန်းနိုင်

နေပြည်တော် မေ ၁၈

မြန်မာနိုင်ငံအတွင်း ၁၄-၅-၂၀၂၃ ရက်နေ့က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ခဲ့ရသည့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် လှူဒါန်းမည့် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်ပေးထားသည့် ရန်ပုံငွေ ငွေစာရင်းများသို့ လှူဒါန်းနိုင်သည့်အပြင် လှူဒါန်းငွေနှင့် ပစ္စည်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွင့်လှစ်ထားသည့် အလှူခံဌာနများသို့လည်း သဒ္ဓါတတ်အားနည်းများမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံအတွင်း (၁၄-၅-၂၀၂၃) ရက်နေ့က ဖြစ်ပွားခဲ့သော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်သူများအတွက် ပြည်တွင်း ပြည်ပ စေတနာရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်ပါသည်။

မြန်မာကျပ်ငွေများကို **အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ၊ OA-011834** သို့ လည်းကောင်း၊ နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ကို **Natural Disaster Management Fund ၊ 1DA-0300086** သို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် အလှူပစ္စည်းများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအစည်းအဝေးကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

စစ်တွေ မေ ၁၈

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီးဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် စစ်တွေမြို့လေဆိပ်သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖

## ရခိုင်ပြည်နယ်သို့ လေကြောင်းခရီးစဉ်များပုံမှန်ပျံသန်းပြေးဆွဲလျက်ရှိ

နေပြည်တော် မေ ၁၈

မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရေးနှင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ပျက်စီးဆုံးရှုံးမှုများစွာရှိခဲ့သည့် စစ်တွေလေဆိပ်ကို မေ ၁၅ ရက်တွင် ဌာနအကြီးအကဲနှင့်အတူ တာဝန်ရှိသူများ စေလွှတ်၍ လိုအပ်သည်များ အမြန်ဆုံး ပြန်လည်ပြင်ဆင်စေခဲ့သည်။

ထိုသို့ အမြန်ဆုံး ပြန်လည်ပြင်ဆင်ခဲ့သည့်အတွက် ယနေ့မှစ၍ ရန်ကုန် - စစ်တွေ - ရန်ကုန် ပုံမှန်လေကြောင်းခရီးစဉ်ကို မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းတို့မှ ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းရှိ သံတွဲ၊ ကျောက်ဖြူ၊ အမ်း လေဆိပ်များသို့လည်း လေကြောင်းလိုင်းများက ပုံမှန်ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**